ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ တနင်္ဂနွေနေ့၊ (6-3-2011) (ဖြေ၉၅)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂါနာသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၆

၂၀၁၁ ခုနှစ် မတ် ၆ ရက်တွင် ကျရောက်သော ဂါနာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဂါနာသမ္မတနိုင်ငံ သမ္မတ ဂျွန် အီဗန်စ် အက်တာမေးလ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)



နေပြည်တော်ပျဉ်းမနား-ပင်လောင်း(ကိုးကွေ့-ယင်းမီ)တောင်ပေါ်ကားလမ်းတိုးချဲ့နေ

လမ်းခရီးတစ်လျှောက် ခရီးသွားရင်းအပန်းဖြေနိုင်သည့် ရေပူစမ်းနှင့် ရေတံခွန်များ၊ အမြင့်ဆုံးကြိုးတံတားကြီးနှင့် တောတောင်အလှအပရှုခင်းများ တွေ့မြင်ခံစားနိုင်

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်

ဓာတ်ပုံ - ကျော်မိုးလွင်

ဖေဖော်ဝါရီ ၁၂ ရက် နံနက်

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကျွန်တော် စီးနင်းလိုက်ပါလာသော ဂျက်လေယာဉ်ကြီးသည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။ နေပြည်တော်သို့ရောက်ရှိသော်လည်း ကျွန်တော်၏ခရီးစဉ်က မဆုံးသေးပေ။ လမ်းအထူးအဖွဲ့(၁၃)က လာကြိုသော လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်ထွေးနှင့်အတူ ကားတစ်စီးဖြင့် နေပြည်တော်လေဆိပ်မှ ထွက်ခွာလာခဲ့ပြီး ရန်ကုန် - ပဲခူး - မန္တလေးလမ်းမကြီးအနီး ပျဉ်းမနား-ကင်းသာလမ်းဆုံမှ ပင်လောင်းသို့ ၆၈ မိုင် ၇ ဖာလုံဆိုသည့် လမ်းညွှန်ဆိုင်းဘုတ်အတိုင်း ခရီးဆက်ခဲ့ပါတော့သည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror

၆-၃-၂၀၁၁
(တနင်္ဂနွေနေ့)

အရည်အသွေးနှင့် အထွက်နှုန်းကောင်းအောင် စွမ်းဆောင်

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအရေးပါသည်။ သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ ပြည်တွင်းစားသုံးမှု ဖူလုံပြီး ပိုလျှံထွက်ရှိလာမည်ဖြစ်သည်။ သီးနှံစိုက်စွမ်းအား တိုးတက်လာမှုနှင့်အတူ အရည်အသွေးကောင်း သီးနှံများ ထုတ်လုပ်နိုင်ရေး အလေးထားကြရန် လိုအပ်မည်ဖြစ်သည်။

လယ်ယာကဏ္ဍတွင် အဓိကလိုအပ်ချက်မှာ စိုက်ပျိုးရေ လုံလောက်စွာရရှိရေးဖြစ်သည်။ နိုင်ငံတော်က ဆည်တမံ ရေထိန်းတံခါးပေါင်း နှစ်ရာကျော်ကို တည်ဆောက်ပေးထားရာ လယ်ယာမြေဧက နှစ်သန်းကျော်တွင် ဆည်ရေအသုံးပြု စိုက်ပျိုးနေကြပြီ။ ထို့အတူ မြစ်ရေတင်စီမံကိန်းလုပ်ငန်းပေါင်း သုံးရာကျော် ဆောင်ရွက်ပေးနိုင်သဖြင့် လယ်ယာမြေဧက ငါးသိန်းခန့်ကို အကျိုးပြုလျက်ရှိနေပြီ။ အလားတူ ဒေသအလိုက် မြေအောက်ရေအဝီစိတွင်းများ၊ ဆည်ငယ် ကန်ငယ်များကိုလည်း တူးဖော်တည်ဆောက်ပေးလျက်ရှိရာ သီးထပ်သီးညှပ် သီးနှံများ ပိုမိုစိုက်ပျိုးနိုင်ကြပြီဖြစ်သည်။

ယခုအခါ မိုးစပါး၊ နွေစပါး ဧကသန်း ၂၀ ခန့် စိုက်ပျိုးနိုင်လျက်ရှိရာ တစ်နိုင်ငံလုံး စပါးအထွက် တင်းသန်းပေါင်း ၁၅၀၀ ကျော် ရှိနေပြီဖြစ်သည်။ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ ပြောင်း၊ ချည်မျှင်ရှည်ဝါ၊ ဟင်းသီးဟင်းရွက် စသည့် သီးနှံများကို သီးထပ်သီးညှပ် စိုက်ပျိုးလာနိုင်ကြပြီ။ တစ်နှစ်ပတ်လုံး သီးနှံစုံ စိုက်ပျိုးနိုင်မှု အခြေအနေကောင်းများ ဖြစ်ထွန်းလာနေပြီဖြစ်သည်။

နိုင်ငံတကာဈေးကွက်သို့ သီးနှံများ တင်ပို့ရာတွင် အခြားစိုက်ပျိုးထုတ်လုပ်နေသော နိုင်ငံထွက်သီးနှံများကဲ့သို့ အရည်အသွေးလည်းကောင်း အထွက်နှုန်းလည်းတိုးသည့် ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြုရေးကိုလည်း မျက်ခြည်မပြတ် ကြိုးပမ်းကြရမည်ဖြစ်သည်။ သီးနှံအလိုက် ရောင်းတမ်းဝင် မျက်နှာပန်းလှရေး ဂရုပြုကြရမည် ဖြစ်သည်။

သီးနှံများ အထွက်တိုးစေရေး ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြုရေးသည် ပဓာနကျသည်။ အထွက်နှုန်းကောင်းပြီး စားသုံးရန် ကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးရေး၊ မြေအမျိုးအစားအလိုက် လိုအပ်သည့် ဓာတ်မြေဩဇာများ လိုအပ်ချက်နှင့်အညီ အသုံးပြုရေး၊ ရိတ်သိမ်းချိန်လွန်နည်းပညာကောင်းမွန်ရေးတို့ကိုလည်း ဟန်ချက်ညီညီ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များ အနေဖြင့် မြေလွတ် မြေရိုင်းများ တိုးချဲ့ဖော်ထုတ် စိုက်ပျိုးနေကြပြီ။ စိုက်ပျိုးရေးအထူးဇုန်များတွင် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ အသုံးပြုနေကြပြီ။ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ တာဝန်ရှိသူများ၏ ပံ့ပိုးဖြည့်ဆည်းပေးမှု၊ လယ်ယာသုံးစက်ကိရိယာများဖြင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာနိုင်မှု၊ တောင်သူလယ်သမားများ ကြိုးပမ်းအားထုတ်မှုတို့ဖြင့် အရည်အသွေးနှင့် အထွက်နှုန်းကောင်း သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်လာနိုင်မည်ဖြစ်ပါသည်။ ။

မိုးကုတ်မြို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၅

မိုးကုတ်မြို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ရန်ကုန်မြို့ ကရဝိက်နန်းတော်၌ ဧပြီ ၂ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်ပြီး မိုးကုတ်မြို့၌ မေလတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအာစရိယပူဇော်ပွဲတွင် မိုးကုတ်မြို့နယ်ရှိ ကျောင်းအသီးသီး၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၀)ပြည့် အငြိမ်းစား ဆရာ၊ဆရာမများအား ပူဇော်ကန်တော့ကြမည်ဖြစ်ပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးသိန်းအောင် ဖုန်း-၅၅၅၆၉၃၊ ဦးခင်မောင် ဖုန်း-၀၉-၄၉၂၂၃၄၈၇၊ ဦးသော် ဖုန်း- ၀၉-၅၀၀၄၁၁၆၊ ဦးသန်းမောင် ဖုန်း-၀၉-၅၁၃၀၉၇၄၊ ဦးမျိုးညွန့် ဖုန်း-၅၄၈၇၃၅၊ ဦးသန်းဝင်း ဖုန်း-၀၉ ၉၀၃၁၃၈၁၊ ဦးကိုဦး ဖုန်း-၀၉-၈၀၂၁၀၂၆၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆၊ ဒေါ်ထားထားလွင် ဖုန်း-၀၉-၄၉၂၇၅၇၂၃၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၀၉-၅၀၁၀၅၃၄၊ ဒေါ်တင့်တင့်အောင် ဖုန်း-၀၉-၄၉၂၄၀၆၅၄၊ ဦးအောင်လွင် ဖုန်း-၀၉-၅၁၃၇၁၀၁ နှင့် ဒေါ်တင်တင်ဝင်း ဖုန်း-၃၉၄၅၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း ဒေါပုံ ၂၀၁၀-၂၀၁၁ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ ပထမဆုရ မအေးဝါဝါနိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြညွန့် ဆုချီးမြှင့်စဉ်။
(ပညာရေး)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်း ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် မတ် ၅

မွန်ပြည်နယ်ရှိ ဌာနဆိုင်ရာများနှင့်တွေ့ဆုံပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက်တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဌာနဆိုင်ရာတာဝန်ရှိသူများကမိမိတို့ဌာနအလိုက်လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းတင်ပြကာ တိုင်းမှူးက အမှာစကား ပြောကြားသည်။

ထို့မှတစ်ဆင့်တိုင်းမှူးသည်မော်လမြိုင်မြို့ မဟာဓာတ်အားလိုင်းတည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများကစီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ မော်လမြိုင်ဓာတ်အားပေးစက်ရုံ အစည်းအဝေးခန်းမသို့ ရောက်ရှိရာ စက်ရုံမှူးက လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် မော်လမြိုင်မြို့ ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ သာကေတမြို့နယ် အမက (၃၅) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲတွင် တတိယတန်း ပညာရည်ထူးချွန်ဆုရရှိသူ မဆုမြတ်မိုးအား ကျောင်းအုပ် ဆရာမကြီး ဒေါ်တင်တင်အေး ဆုချီးမြှင့်စဉ်။
(ကြေးမုံ)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ ဝက်လက်မြို့နယ် မကျီးဖြူကျေးရွာ ငါးရယ်မဲချောင်းကူးတံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ငါးရယ်မဲချောင်းကူးတံတား တည်ဆောက်ပြီးစီးမှု ဒုတိယဝန်ကြီး ဦးတင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေသည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူတည်ဆောက်လျက်ရှိသော ကျေးလက်လမ်းပေါ်ရှိ မကျီးဖြူကျေးရွာ ငါးရယ်မဲချောင်းကူးတံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရွှေဘို-စစ်ကိုင်းလမ်းမှ မကျီးဖြူကျေးရွာသို့ သွားရောက်သည့် ကျေးလက်လမ်းပေါ်ရှိ မကျီးဖြူကျေးရွာနှင့် ကံဖိလာကျေးရွာတို့က ကိုယ့်အားကိုယ်ကိုး တည်ဆောက်နေသော ကျောက်ရိုးစီ သံကူကွန်ကရစ်ခင်း ရေပြွန်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆင်းကွတ်(မြောက်) ကျေးရွာရှိ ငါးရယ်မဲချောင်းကူး ကွန်ကရစ်တိုင်၊ ကွန်ကရစ်ရက်မနှင့် သစ်သားကြမ်းခင်းတံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဩစတြေးလျ ပညာရေးအကြောင်း ဆွေးနွေးမည်

ရန်ကုန် မတ် ၅

Australia Visa and Student Services (AVSS Myanmar) မှ Australia နိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်သည့် University of Adelaide တွင်ပညာဆက်လက်သင်ကြားရန်အတွက် TAFE South Australia (TAFE SA) မှ တစ်ဆင့် အချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် တက်ရောက်နိုင်မည့် နည်းလမ်းများကို TAFE SA မှ Marketing & Recruitment Manager လာရောက်၍ ကျောင်းသားတစ်ဦးချင်းစီနှင့် AVSS Myanmar ရုံးခန်း အမှတ် (၄၂- D) ပထမထပ် ဗိုလ်ရာညွန့်လမ်း ယောမင်းကြီးရပ်ကွက် ဒဂုံမြို့နယ် ရန်ကုန်မြို့၌ မတ် ၁၅နှင့် ၁၆ရက် နံနက် ၉နာရီခွဲမှ ၁၂နာရီခွဲအထိနှင့် မွန်းလွဲ ၂နာရီမှ ၄နာရီခွဲအထိ ရှင်းလင်းဆွေးနွေးမည်ဖြစ်သည်။

TAFE South Australia သည် အစိုးရပိုင်ကျောင်းဖြစ်ပြီး South Australia တွင် Campus 48 ခု ဖွင့်လှစ်ထားသည်။ ယင်းကျောင်းတွင် Certificate IV, Diploma, Advance Diploma, Associate Degree များအပြင် Bachelor of Visual Arts and Design, Bachelor of Business (Hospitality Management), Bachelor of Tourism Management တို့ကိုလည်း ဈေးသက်သက်သာသာဖြင့် တက်ရောက်နိုင်သည်။ Package program များ အနေဖြင့် TAFE SA မှ Diploma နှင့် University of Adelaide, Charles Sturt University, Flinders University နှင့် University of South Australia တို့တွင် Bachelor Degree များကို ဆက်လက်သင်ကြားနိုင်သည်။ Credit transfer အနေဖြင့် ဘာသာရပ်ပေါ်မူတည်၍ ခြောက်လ၊ တစ်နှစ်၊ တစ်နှစ်ခွဲအထိဘာသာရပ်ကင်းလွတ်ခွင့်ရနိုင်သည်။

TAFE South Australia တွင် သင်ကြားနိုင်မည့် ဘာသာရပ်များမှာ English Courses, Arts, Design & Fashion, Building & Furnishing, Business, Management & Finance, Community Services & Health Computing & IT, Engineering, Electrotechnology & Mining, Environment and Spatial Information, Hair & Beauty, Horticulture, Hospitality, Tourism, Events & Languages, Interpreting & Translation, Recreation & Sport, Transport Engineering, Veterinary & Laboratory တို့ဖြစ်သည်။

စိတ်ပါဝင်စားသူ မည်သူမဆို AVSS Myanmar ဖုန်း-၃၉၃၃၆၆ နှင့် ၀၉-၇၃၀၃၅၅၀၃ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်လျက်ရှိသော ကျောင်းကုန်း-ဆိပ်ကြီးလမ်း ကတ္တရာလမ်းပေါက်ဖာခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၂၇ ရက်က လက်ထောက်အင်ဂျင်နီယာ ဦးစိုးသိမ်း ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးကျော်လင်းသန်းနှင့် အင်ဂျင်နီယာမှူး ဦးလှမျိုးဝင်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။
(မြို့နယ်စည်ပင်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်အကြို ဂုဏ်ပြုညစာစားပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၅

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်အကြို ဂုဏ်ပြုညစာစားပွဲကို မတ် ၃ ရက် ညနေပိုင်းတွင် အဆိုပါတက္ကသိုလ်ရင်ပြင်၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးစိုးဦး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ညစာစားပွဲအပြီးတွင် သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများက တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆိုအက များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုဆုပေးအပ်

ထို့နောက် တိုင်းမှူးနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌတို့သည် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအက များဖြင့် ဖျော်ဖြေတင်ဆက်ကြသော သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၄ ရက်နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဘွဲ့လက်မှတ်များ ချီးမြှင့်

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် ပါမောက္ခချုပ် ဦးဇော်မင်းသိန်းတို့က ဘွဲ့လက်မှတ်များ ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ထူးချွန်ဆုရ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ဂုဏ်ပြုစကားပြောကြားကြသည်။ယင်းနောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ တက္ကသိုလ်စာကြည့်တိုက်ပြတိုက်၊တက္ကသိုလ် နယ်မြေနှင့် စိုက်ပျိုးခင်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် သင်တန်းသားတစ်ဦးအား ဘွဲ့လက်မှတ် ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်အကြိုဂုဏ်ပြုညစာစားပွဲတွင် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဆိုအက များဖြင့် ဖျော်ဖြေတင်ဆက်ကြသော သင်တန်းသား၊ သင်တန်းသူတို့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

Thai Food Festival 2011 Orange Supermarket များ၌ ကျင်းပ

ရန်ကုန် မတ် ၅

Orange Supermarket ၏ Thai Food Festival 2011 ကို မတ် ၄ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဝေဇယန္တာလမ်းရှိ Orange Supermarket ၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Apirath Vienravi နှင့် Creation Myanmar Co.,Ltd. Managing Director ဒေါ်မြင့်မြင့်ဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ Thai Food Festival ကို လသာ၊ ဝေဇယန္တာ၊ ကြည့်မြင်တိုင်၊ မြောက်ဥက္ကလာနှင့် တာမွေမြို့နယ်များရှိ Orange Supermarket များနှင့် Blazon Department Store (ရန်ကုန်၊ မန္တလေး)နှင့် Great Wall Orange Supermarket (မန္တလေး)တို့၌ မတ် ၄ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

Thai Food Festival တွင် Thai ခေါက်ဆွဲအမျိုးမျိုး၊ အချိုရည်၊ Coffeemix၊ ဘီစကစ်၊ ထိုင်းအချိုပွဲ အမျိုးမျိုးနှင့် ဟင်းချက်ရာတွင် အသုံးပြုသော ဆော့စ်အမျိုးမျိုး၊ ငံပြာရည်၊ Thai Paste အမျိုးမျိုးတို့ကို အထူးဈေးနှုန်းများဖြင့် တစ်နေရာတည်းတွင် စုံလင်စွာ ရောင်းချသွားမည် ဖြစ်သည်။

ထို့အပြင် ထိုင်းအစားအစာများ ဖြစ်သော နာနတ်သီးထမင်းကြော်၊ ပုစွန်ကျွဲကောသီးသုပ်၊ ပင်လယ်စာအရက်သမားဟင်း၊ ငါးခူမွကြော်သုပ်၊ ကြွေ့သယို၊ ဖက်ထိုင်းကြော်၊ သခွားသီးထောင်း၊ သင်္ဘောသီးထောင်း၊ ပုစွန်ငါးပိထောင်း အစရှိသည်တို့ကို သဃ်န်းကျွန်း၊ မြောက်ဥက္ကလာနှင့် တာမွေမြို့နယ်များရှိ Orange Supermarker များရှိ ထိုင်းစားသောက်ဆိုင်များက လက်တွေ့ချက်ပြုတ်ပြပြီး အရသာမြည်းစမ်းကြည့်ရင်း အထူးဈေးနှုန်းများနှင့် ဝယ်ယူခွင့်ရရှိမည် ဖြစ်သည်။

အထူးအစီအစဉ်အဖြစ် Thai Product များကို ကျပ်သုံးသောင်းဖိုးနှင့်အထက် ဝယ်ယူသော Customer များအတွက် Queen Cordial ဖျော်ရည် သို့မဟုတ် FF Tom Yum Lime Shrimp Noodle တို့ကို လက်ဆောင်ပေးမည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

Orange Supermarket ၏ Thai Food Festival 2011 ဖွင့်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E Mr. Apirath Vienravi နှင့် Creation Myanmar Co.,Ltd. Managing Director ဒေါ်မြင့်မြင့်ဝင်းတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ခရိုင်ရုံးစာကြည့်တိုက်သို့ အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မတ် ၅

ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးစာကြည့်တိုက်သို့ အင်တာနက်လိုင်းတပ်ဆင်ခြင်း၊ ကွန်ပျူတာစနစ်သုံး (e-library management system) စာကြည့်တိုက်သုံး ဆော့ဝဲလ်နှင့် ပရိဘောဂများ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က စာကြည့်တိုက်၌ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် ဥက္ကဋ္ဌ ဦးကျော်သူဇော်**(ဝဲပုံ)**က အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင်များဖြစ်ကြသော ဦးစိုးညွန့်(တော်ဝင်နှင်းဆီ)က အင်တာနက်တပ်ဆင်ရန် ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ဦးရဲထက်ဦး (စာကြည့်တိုက်မှူး၊ သရပါစာကြည့်တိုက်)က ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ကွန်ပျူတာစနစ်သုံး (e-library management system) စာကြည့်တိုက် ဆော့ဝဲလ်ကိုလည်းကောင်း၊ လူမှုထူးချွန် ဦးရဲအောင်နှင့်ဇနီး သုခမ္မသိဂီ ဒေါ်လဲ့လဲ့ဝင်းတို့က ငွေကျပ် နှစ်သိန်းတန်ဖိုးရှိသော ပရိဘောဂများကိုလည်းကောင်း၊ မြန်မာ မဟာထွန်းကုမ္ပဏီမှ ဦးညွန့်အောင်က ပလတ်စတစ်ထိုင်ခုံ ၁၀ လုံးကို လည်းကောင်း လှူဒါန်းကြရာ ရန်ကုန်အနောက်ပိုင်းခရိုင် အတွင်းရေးမှူး ဦးစိုးမြင့်က လက်ခံ၍ ဂုဏ်ပြုလက်မှတ်ပြန်လည် ပေးအပ်ခဲ့သည်။

ဆက်လက်၍ ရန်ကုန်အနောက်ပိုင်း ခရိုင် ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အလှူရှင် ဦးရဲထက်ဦးက ကွန်ပျူတာစနစ်သုံး (e-library management system) စာကြည့်တိုက် ဆော့ဖ်ဝဲနှင့်ပတ်သက်၍ တက်ရောက်ကြသူများအား ပရိုဂျက်တာဖြင့် ရှင်းလင်းသရုပ်ပြခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ ၁၃ မြို့နယ်မှ မြို့နယ်ဥက္ကဋ္ဌများ၊ မြို့နယ်ပြန်ဆက် ဦးစီးမှူးများနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

(ခရိုင်ပြန်/ဆက်)

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ

စက်မှုလက်မှု အထက်တန်းကျောင်း အမှတ်(၂) ရန်ကုန်(ဘောင်ဒရီ) မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၅

စက်မှုလက်မှုအထက်တန်းကျောင်း အမှတ်(၂) ရန်ကုန်(ဘောင်ဒရီ) T.H.S(2) တွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား နှစ်စဉ်ပူဇော်ကျင်းပ မြဲဖြစ်သည့် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသားများ ပြန်လည်တွေ့ဆုံပွဲကို မတ် ၂၆ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အကြံဉာဏ်များ လှူဖွယ်ပစ္စည်းများနှင့် လိုအပ်သော ဝန်ဆောင်မှုများ ကူညီပံ့ပိုးလိုသူများသည် ကိုမောင်မောင်အေး ဖုန်း-၀၉-၅၁၂၆၀၆၅၊ ကိုကျော်မြင့် ဖုန်း-၀၉-၅၁၁၅၃၂၉၊ ကိုစိုးမောင် ဖုန်း-၀၉-၅၀၈၆၁၇၂၊ ကိုခင်ဆွေ ဖုန်း-၀၉-၇၃၁၃၁၉၅၇၊ ကိုရဲမြင့် ဖုန်း-၀၉-၇၃၀၄၀၅၉၈နှင့် နီးစပ်ရာ မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေး အကျိုးဆောင်များထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (ကြေးမုံ)

ချောက်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၅

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၅) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၃ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ဗဟန်းကြားတောရလမ်းရှိ ရွှေကျင်နိကာယ သာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ချောက်မြို့နယ်သူ၊ မြို့နယ်သားများအားလုံး တက်ရောက်ကြရန်နှင့် ၂၀၁၀ ခုနှစ် အခြေခံပညာ အထက်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများသည် ဥက္ကဋ္ဌ ဦးညိုမောင် ဖုန်း-၅၉၀၀၀၉၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့် ဖုန်း-၅၅၄၀၆၇၊ ၀၉-၅၁၁၉၃၉၉၊ အတွင်းရေးမှူး ဦးဌေးအောင် ရုံးဖုန်း-၂၉၁၂၅၀၊ ၀၉-၅၄၁၁၀၄၁ တို့သို့ မတ် ၁၉ ရက် နောက်ဆုံးထားပြီး အမှတ်စာရင်း မိတ္တူများနှင့်အတူ ပေးပို့လျှောက်ထားကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၆-၃-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၀ ၂။ အင်္ဂဇယမင်္ဂလံ(ယဉ်ဝေယံထွန်း တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ “သက်ရှည်ကျန်းမာလေ့ကျင့်ပါ”
၈:၀၅ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၀ ၈။ အတီးပြိုင်ပွဲ
၈:၂၀ ၉။ “ကျန်းမာသန်ထွားဉာဏ်မြင့်မား”
၈:၃၀ ၁၀။ (၆၆)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ကြိုးတစ်မျှင်” (အပိုင်း-၂၂)**
၁၂:၃၀ ၅။ Golf Magazine (TV)
၁၂:၅၀ ၆။ **မြန်မာရုပ်ရှင် “မုံး” (နေအောင်၊ ရဲအောင်၊ ထွန်းထွန်းဝင်း၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-ကြီးမြင့်)**
၂:၂၀ ၇။ “ဇီဝမျိုးစုံမျိုးကွဲများ”
၂:၃၅ ၈။ အကပြိုင်ပွဲ
၂:၄၅ ၉။ International News
၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ပြည်ထောစုတိုင်းရင်းသားရိုးရာ တေးသံသာ
၄:၃၀ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေး သီချင်းပြိုင်ပွဲဆုရတေးများ
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၅ ၇။ “အမှန်ထင်နေသောအမှား”
၅:၂၅ ၈။ (၆၆)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၃၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ **ကာတွန်းအစီအစဉ် “ကွမ်တမ်မင်း”(အပိုင်း-၁၁)**
၆:၄၀ ၁၃။ **တစ်မျက်နှာတစ်ကွက်စာ “မိုးထက်မြင့်သော ကြာဖြူပွင့်” (မိုးထက်ပိုင်၊ ဇွဲနောင်၊ သက်သခင်) (ဒါရိုက်တာ-လင်းထွဋ်မောင်)**
၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “စမ်းရေပမာ” (အပိုင်း-၂၈)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ကာတွန်းအစီအစဉ် “တောကောင်ငယ် သိုင်းညီနောင်လေးများ” (အပိုင်း-၁၀၅)**
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကွန်ဖူးချစ်သူ” (အပိုင်း-၁၂)**
၂၀။ “ရင်လှိုင်းခတ်သံ တေးသီဟန်”
၂၁။ အစီအစဉ်ပြီး၏။

ပါလက်စတိုင်း သမ္မတ မာမွတ်အဘတ်စ်။

ယာယီနယ်နိမိတ်သတ်မှတ်ချက်ဖြင့် နိုင်ငံသစ်မဖန်တီးလိုကြောင်း ပါလက်စတိုင်းသမ္မတ ပြောကြား

ရာမာလာ မတ် ၅

အနာဂတ်ပါလက်စတိုင်း နိုင်ငံတော်သစ်အတွက် ယာယီနယ်နိမိတ်သတ်မှတ်ရေးကိုသာ လုပ်ဆောင်ခဲ့ပါက အစ္စရေးနိုင်ငံ၏ မည်သည့်ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကိုမဆို လက်ခံမည်မဟုတ်ကြောင်း ပါလက်စတိုင်း သမ္မတ မာမွတ်အဘတ်စ်က ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ငြိမ်းချမ်းရေး အဆိုပြုချက်အသစ်၏ အသေးစိတ်အချက်အလက်များကို မကြာမီ ထုတ်ပြန်ကြေညာဖွယ်ရှိသည်။

ငြိမ်းချမ်းရေးအဆိုပြုချက် အသေးစိတ်အချက်အလက်များကို အစ္စရေးနိုင်ငံက ထုတ်ပြန်ခြင်းမရှိသေးသော်လည်း ယင်းအဆိုပြုချက်တွင် အနာဂတ်ပါလက်စတိုင်းနိုင်ငံအတွက် ယာယီနယ်နိမိတ် သတ်မှတ်ချက် ပါဝင်နေမည်ကို ပါလက်စတိုင်းတို့က စိုးရိမ်လျက်ရှိသည်။

ယာယီနယ်နိမိတ်သာ သတ်မှတ်ထားခြင်းကြောင့် အနာဂတ်ပါလက်စတိုင်းနိုင်ငံတွင် ထည့်သွင်းရန် မျှော်လင့်ထားသည့် ဒေသများကို အစ္စရေးနိုင်ငံက သိမ်းပိုက်နိုင်ခွင့်ရလိမ့်မည်ဖြစ်ကြောင်း ပါလက်စတိုင်းတို့က ယူဆထားသည်။

ပါလက်စတိုင်းနိုင်ငံသစ်ဖန်တီးရေးအတွက် စေ့စပ်ဆွေးနွေးမှုများ စတင်နိုင်ရေး လုပ်ဆောင်ရာ၌ အစ္စရေးနှင့် ပါလက်စတိုင်းအကြား ဖြစ်ပေါ်နေသော သဘောထားကွဲလွဲမှုများကို မာမွတ်အဘတ်စ်၏ ပြောကြားချက်များက ဖော်ညွှန်းနေကြောင်း သတင်းတွင် ဖော်ပြသည်။ **အေပီ။**

ငွေဖောင်းပွမှုနှင့် ခြစားမှုလျှော့ချ၍ လူမှုတည်ငြိမ်ရေး တရုတ်ဆောင်ရွက်မည်

ပေကျင်း မတ် ၅ - တရုတ်နိုင်ငံသည် ငွေကြေးဖောင်းပွမှုနှင့် ခြစားမှုတို့ကို လျှော့ချခြင်းဖြင့် လူမှုတည်ငြိမ်ရေးကို တည်ဆောက်ရမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ပေကျင်းမြို့တော် ပြည်သူ့ခန်းမဆောင်၌ မတ် ၅ရက်တွင်ကျင်းပသော အမျိုးသားပြည်သူ့ကွန်ဂရက် အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားသည်။

တရုတ်နိုင်ငံအနေဖြင့် ငွေကြေးဖောင်းပွမှုနှုန်းကို လေးရာခိုင်နှုန်းတွင် ထိန်းသိမ်း၍ စီးပွားရေးတိုးတက်မှုနှုန်း ရှစ်ရာခိုင်နှုန်းအထိရောက်ရှိရန် ရည်မှန်းထားကြောင်း ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ပြောကြားခဲ့သည်။

ပညာရေး၊ အလုပ်အကိုင်နေရာများ ဖန်တီးပေးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပေးရေးစသော လူမှုရေးအာမခံချက်များ ဖြည့်ဆည်းပေးနိုင်ရန် တရုတ်အစိုးရက အသုံးစရိတ် ၁၂ ဒသမ ၅ ရာခိုင်နှုန်းမြင့်တင်သုံးစွဲမည်ဖြစ်ကြောင်း ဝမ်ကြားပေါင်က ပြောကြားသည်။

တရုတ်နိုင်ငံသည် ယခုနှစ် အမျိုးသားပြည်သူ့ကွန်ဂရက်ကို ၁၀ရက်ကြာ ကျင်းပမည်ဖြစ်ပြီး ပြည်သူ့ကိုယ်စားလှယ်ပေါင်း ၂၉၂၃ ဦး တက်ရောက်မည်ဖြစ်သည်။ ယင်းကွန်ဂရက်တွင် တရုတ်နိုင်ငံ၏ ၂၀၁၁-၂၀၁၅ ငါးနှစ်စီမံကိန်းကို အတည်ပြုသွားမည်ဖြစ်သည်။

အမျိုးသားပြည်သူ့ကွန်ဂရက် ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်သည် နှစ်နာရီကြာ မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ပြီး ယင်းမိန့်ခွန်းကို တရုတ်နိုင်ငံ၏ နိုင်ငံအခြေပြ မိန့်ခွန်းအဖြစ် သတ်မှတ်နိုင်သည်။ **အင်တာနက်။**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ မတ် ၅ ရက်က ကျင်းပသော အမျိုးသားပြည်သူ့ ကွန်ဂရက်ဖွင့်ပွဲ၌ ဝန်ကြီးချုပ် ဝမ်ကြားပေါင်ကို တွေ့ရစဉ်။

ပျောက်ဆုံးနေသော အက်ဖ်ဘီအိုင် ဝန်ထမ်းဟောင်းရှာဖွေရေး အီရန်၏အကူအညီ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တောင်းခံ

ဝါရှင်တန် မတ် ၅

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်လေးနှစ်ခန့်က ပျောက်ဆုံးသွားခဲ့သော အမေရိကန်နိုင်ငံ ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)ဝန်ထမ်းတစ်ဦးကို ရှာဖွေရာတွင် အီရန်နိုင်ငံက ကူညီပေးစေလိုကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က မတ် ၄ ရက်တွင် ပြောကြားသည်။

ရောဘတ်လီဗင်ဆင်အမည်ရှိ အက်ဖ်ဘီအိုင်ဝန်ထမ်းဟောင်းသည် အနောက်တောင်အာရှတစ်နေရာ၌ အသက်ရှင်လျက်ရှိနေသေးကြောင်း အံ့အားသင့်ဖွယ်ကြေညာချက်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက မတ် ၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။

လီဗင်ဆင်ရှိရာနေရာနှင့် ၎င်းနေထိုင်ရသည့်အခြေအနေတို့နှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များ ရရှိနိုင်ရန်အတွက် အီရန်နိုင်ငံ၏ အကူအညီကို ဟီလာရီကလင်တန်က တောင်းခံခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

အက်ဖ်ဘီအိုင်ဝန်ထမ်းဟောင်း လီဗင်ဆင်သည် ပါရှန်ပင်လယ်ကွေ့အတွင်းရှိ အီရန်ပိုင် ကျွန်းတစ်ကျွန်းဖြစ်သော ကစ်ရှ်ကျွန်း၌ ၂၀၀၇ခုနှစ် မတ်လတွင် ထူးဆန်းစွာပျောက်ကွယ်ခဲ့သည်။

သတင်းအချို့တွင် ဖော်ပြထားသကဲ့သို့ လီဗင်ဆင်အား မိမိတို့ ဖမ်းဆီးထားသည်ဟူသောအချက်မှာ မှန်ကန်မှုမရှိကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ပြီးခဲ့သည့်လတွင် ပြောကြားခဲ့ပြီးဖြစ်သည်။

လီဗင်ဆင်ရှိနေသည့်နေရာနှင့်ပတ်သက်၍ မည်သည့်သတင်းအချက်အလက်မျှ မိမိတို့တွင် မရှိကြောင်း အီရန်အစိုးရတာဝန်ရှိသူများကလည်း ယခင်က ပြောကြားပြီးဖြစ်သည်။ **အေအက်ဖ်ပီ။**

လနှင့် ကမ္ဘာအကြား အနီးဆုံးအနေအထား မတ် ၁၉ ရက်တွင် ရောက်ရှိမည်

နယူးယောက် မတ် ၅

မတ်လ ၁၉ရက်တွင် လသည် ၁၈နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာမြေနှင့် အနီးကပ်ဆုံး အကွာအဝေးသို့ ရောက်ရှိမည်ဖြစ်ကြောင်း မတ် ၂ရက်အင်တာနက် သတင်းတစ်ပုဒ်တွင် ဖော်ပြသည်။

ယင်းသို့ရောက်ရှိချိန်တွင် လနှင့် ကမ္ဘာအကြား အကွာအဝေးသည် ၃၅၆၅၇၇ ကီလိုမီတာရှိလိမ့်မည်ဖြစ်ပြီး ၁၉၈၅ခုနှစ်နှင့် ၂၀၁၂ခုနှစ်ကာလအကြား ဆဋ္ဌမအကြိမ်အဖြစ် ကမ္ဘာမြေနှင့် အနီးဆုံးနေရာမှ လှည့်ပတ်မှုဖြစ်သည်။

Supermoon ဖြစ်စဉ်ဟု ထင်ရှားသော ကမ္ဘာနှင့် လအကြား အနီးဆုံးအနေအထားရောက်ရှိမှုဖြစ်စဉ်ကြောင့် ကမ္ဘာ့သမုဒ္ဒရာရေပြင်များ၏ ဒီရေအတက်အကျအပြောင်းအလဲ အနည်းငယ်ရှိမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်တစ်ဦးက ပြောကြားသည်။

Supermoon ဖြစ်စဉ်ကြောင့် ရာသီဥတုအစွန်းရောက်ဖြစ်စဉ်များ၊ မြေငလျင်လှုပ်ခတ်မှုများနှင့် မီးတောင် ပေါက်ကွဲမှုများစသည့် သဘာဝဘေးဥပဒ်များ ပေါ်ပေါက်လာဖွယ်ရှိခြင်းကို အချို့ကတွေးပူနေသော်လည်း သိပ္ပံပညာရှင်များက ယင်းသို့ဖြစ်နိုင်ခြေမရှိကြောင်း ငြင်းပယ်ခဲ့ကြသည်။

သို့ရာတွင် လနှင့် ကမ္ဘာအနီးဆုံးအနေအထားရောက်ရှိသည့် ကာလအတွင်း သဘာဝဘေးဥပဒ်များ တိုက်တိုက်ဆိုင်ဆိုင်ဖြစ်ပွားခဲ့ဖူးကြောင်း သတင်းများတွင် ဖော်ပြသည်။

ဥပမာအားဖြင့် ၁၉၇၄ခုနှစ်တွင် ထရေစီဆိုင်ကလုန်းမုန်တိုင်းနှင့် ၂၀၀၅ ခုနှစ် ကက်ထရီနာမုန်တိုင်း တိုက်ခတ်ခဲ့မှုတို့သည် လနှင့် ကမ္ဘာမြေအကြား အလွန်နီးသော အနေအထားရောက်ခိုက်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အင်တာနက်။

မွမ်ဘိုင်း ကျူးကျော်ရပ်ကွက် မီးလောင်ကျွမ်းမှု ကလေးသရုပ်ဆောင်၏ နေအိမ် မီးထဲပါသွား

မွမ်ဘိုင်း မတ် ၅

၂၀၀၈ ခုနှစ် အော်စကာဆုရ "ကျူးကျော်ရပ်ကွက်က သန်းကြွယ်သူဌေး" (Slumdog Millionaire) ဇာတ်ကားမှ အိန္ဒိယကလေးသရုပ်ဆောင် ရူဘီနာအလီ နေထိုင်သော မွမ်ဘိုင်းမြို့ ဘန်ဒရာ ဘူတာရုံအနီး ဂါရစ်နဂါ ကျူးကျော်ရပ်ကွက်ကို မတ် ၄ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားရာ ကလေးသရုပ်ဆောင်၏ နေအိမ်လည်း မီးလောင်ကျွမ်းခံလိုက်ရကြောင်း မီဒီယာများက သတင်းတွင် ဖော်ပြသည်။

မီးလောင်ကျွမ်းမှုကြောင့် အသက်ဆုံးရှုံးမှုတစ်ဦးမျှမရှိသော်လည်း ၂၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လူ ၂၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကလေးသရုပ်ဆောင် ရူဘီနာမှာ အော်စကာဆုရရုပ်ရှင်ရိုက်ကူးစဉ်က အသက်ရှစ်နှစ်အရွယ်သာ ရှိခဲ့သည်။ မီးလောင်ကျွမ်းမှုအတွင်း ရူဘီနာရရှိခဲ့သော အော်စကာဆု၊ ဇာတ်ဝင်ခန်းဓာတ်ပုံများနှင့် စုဆောင်းထားသော သတင်းစာများအပြင် အကောင်းဆုံးအဝတ်အစားများပါ မီးထဲသို့ ပါသွားခဲ့ကြောင်း ၎င်းက သတင်းထောက်များအား ပြောကြားသည်။ **အင်တာနက်။**

လူ့ပယောဂကြောင့် သတ္တဝါမျိုးစိတ်များ ဆဋ္ဌမမြောက် မျိုးသုဉ်းမှုကြုံရနိုင်

ပါရီ မတ် ၅

လူသားတို့၏ ပယောဂကြောင့် ကမ္ဘာမြေသမိုင်း၌ ဆဋ္ဌမမြောက် မျိုးစိတ်များအစုအပြုံလိုက်မျိုးသုဉ်းပျောက်ကွယ်မည့်ဘေး ပေါ်ပေါက်လာဖွယ်ရှိကြောင်း လေ့လာချက်တစ်ရပ်ကို ကိုးကား၍ မတ် ၄ ရက် သတင်းများတွင် ဖော်ပြသည်။

ကမ္ဘာမြေ၏ အတိတ်သမိုင်း၌ လွန်ခဲ့သော နှစ်ပေါင်း သန်း ၅၄၀ ကျော်ကာလအတွင်း သဘာဝဖြစ်စဉ်များကြောင့် သတ္တဝါမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှု ငါးကြိမ် ကြုံတွေ့ခဲ့ရဖူးသည်။

နယ်မြေချဲ့ထွင်ခြင်း၊ အလွန်အကျွံအမဲလိုက်ခြင်း၊ အလွန်အကျွံငါးဖမ်းဆီးခြင်း၊ ရာသီဥတု ပြောင်းလဲခြင်းစသော လူသားတို့၏ ပယောဂကြောင့် သတ္တဝါမျိုးစိတ်များ ဆဋ္ဌမမြောက်မျိုးသုဉ်းပျောက်ကွယ်မှုဖြစ်ပေါ်လာနိုင်ကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။ ကျောက်ဖြစ်ရုပ်ကြွင်းလေ့လာမှုများအရ ကမ္ဘာပေါ်တွင် ဖြစ်ပွားခဲ့သော မျိုးသုဉ်းပျောက်ကွယ်မှုကြီး ငါးခုကြောင့် ထိုစဉ်က မှီတင်းနေထိုင်သော သတ္တဝါမျိုးစိတ် ၇၅ ရာခိုင်နှုန်း ကွယ်ပျောက်ခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ ခန့်ထိတိုင် နို့တိုက်သတ္တဝါများ မျိုးသုဉ်းပျောက်ကွယ်မှုသည် အလွန်ရှားပါးခဲ့ပြီး ပျမ်းမျှအားဖြင့် နှစ်ပေါင်း တစ်သန်းကြာမှ မျိုးစိတ်နှစ်စိတ်ခန့် ပျောက်ကွယ်ခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ပြီးခဲ့သော နှစ်ငါးရာကာလအတွင်း ကမ္ဘာပေါ်ရှိ နို့တိုက်သတ္တဝါမျိုးစိတ် ၅၅၇၀ အနက် အနည်းဆုံး မျိုးစိတ် ၈၀ ခန့် ကွယ်ပျောက်ခဲ့ရကြောင်း သိရသည်။ **အေအက်ဖ်ပီ။**

ဝန်ကြီး ဦးသိန်းအောင် သစ်အချောထည်စက်ရုံများနှင့် ဝါးတစ်ရာဆိပ်ခံတံတားနှင့်သစ်ဆိပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၅

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် မတ် ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်ရှိ Asia Wood Co., Ltd. သစ်အချောထည်စက်ရုံ၊ Unilite Industrial & General Service Co., Ltd. နှင့် United Wood Industrial Co., Ltd. သစ်အချောထည် စက်ရုံများသို့ လှည့်လည်ကြည့်ရှုရာ သက်ဆိုင်ရာတာဝန်ရှိသူများက ထုတ်လုပ်မှုဆိုင်ရာများကို ရှင်းလင်းပြသကြသည်။

တင်ပို့

အဆိုပါစက်ရုံများမှ သစ်အချောထည်ပစ္စည်းများကို အရှေ့တောင်အာရှ၊ အာရှနှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးသည် ရွှေပြည်သာမြို့နယ်ရှိ ဝါးတစ်ရာဆိပ်ခံတံတား (JATTY) နှင့် ဝါးတစ်ရာသစ်ဆိပ်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝါးတစ်ရာသစ်ဆိပ်ရှိ သစ်လုံးလပ်ပုံများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝါးတစ်ရာရှိ အမှတ်(၄)သစ်စက်နှင့် အမှတ်(၉)သစ်စက်တို့၏ စက်ရုံများအတွင်း ကြည့်ရှုစစ်ဆေးရာ မြန်မာ့သစ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် ဝါးတစ်ရာ သစ်ဆိပ်ကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဇမ္ဗူသီရိမြို့နယ် အမှတ်(၇)မီးသတ်စခန်းသစ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၅

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် မတ် ၄ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် အမှတ်(၇) မီးသတ်စခန်းသစ် ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ၌ "မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်" နိုင်ရေး ဆောင်ရွက်ထားရန်၊ သင့်(၄)သင့်ဖြစ်သော လူ၊ ယာဉ်/စက်၊ ဆီ၊ ရေ အမြဲအသင့်ရှိစေရေးဆောင်ရွက်ထားရန်၊ ဆက်သွယ်ရေး၊ မီးငြိမ်းသတ်ရေး လုပ်ငန်းများတွင် မီးသတင်းရရှိရေးနှင့် မီးငြိမ်းသတ်ယာဉ်များ လွယ်ကူလျင်မြန်စွာ ဝင်/ထွက် ငြိမ်းသတ်ရာ၌ အခက်အခဲမရှိစေရေးအတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ အရေးကြီးအဆောက်အအုံများရှိ တာဝန်ခံများနှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိရန်၊ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် အမှတ်(၇) မီးသတ်စခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မီးဘေးကာကွယ်ရေး သရုပ်ပြဟောပြော

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံးနှင့် သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာနမှူးရုံးတို့မှ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို မတ် ၄ ရက် မွန်းလွဲ ၁ နာရီက သဃ်န်းကျွန်းမြို့နယ် ဇ/တောင်ရပ်ကွက် နတ်စင်ပြွန်လမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း ရော်ဘာပစ္စည်းစက်ရုံ ရှင်းလင်းဆောင်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရော်ဘာပစ္စည်းစက်ရုံမှူး ဒေါ်ကြည်ကြည်နွဲ့က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသင်းဌေးရွှေက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ပရိုဂျက်တာဖြင့် အကျယ်တဝင့် ရှင်းလင်းကာ ပညာပေးဟောပြောခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသင်းဌေးရွှေက ကြီးကြပ်ပြီး သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးဉာဏ်ထွန်းနှင့် တပ်ဖွဲ့ဝင်များက Dry Chemical Powder (ဓာတုဗေဒ ပေါင်ဒါမှုန့်ခြောက်) မီးသတ်ဆေးဘူးနှင့် Foam Type(ဆီမီးသတ်ဆေးဘူး)တို့ဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသကြသည်။ **(အောက်ပုံ)**

အဆိုပါ ပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်း အခမ်းအနားသို့ စက်ရုံမှူး ဒေါ်ကြည်ကြည်နွဲ့နှင့် ဝန်ထမ်းအင်အား ၁၂၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (ကြေးမုံ)

မဥ္ဂုလမ်းသွယ်(၃)ပါရမီ ရန်ကင်းမြို့နယ် ရန်ကုန်မြို့နေ ဦးအုန်းမောင်-ဒေါ်စိုးစိုး၊ သမီး သက်သက် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) ၌ ဆောက်လုပ်လျက်ရှိသော သံဃာဆေးကုသဆောင်သစ်ကြီး၏ သံဃာကုဋီတစ်လုံးအတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။
(သတင်းစဉ်)

မြန်မာ-မလေးရှား စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် မတ် ၅

မလေးရှားနိုင်ငံ Tan Chong Group ၏ ဦးဆောင်မှုဖြင့် မလေးရှားစီးပွားရေးလုပ်ငန်းရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပူးပေါင်းပြီး မြန်မာ-မလေးရှား စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို မတ်၁၀ ရက် နံနက်ပိုင်းတွင် အသင်းချုပ်ရုံး၌ ကျင်းပမည်ဖြစ်သည်။

နှစ်ဖက်စီးပွားရေး လုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် မလေးရှားစီးပွားရေးလုပ်ငန်းရှင်များသည် စက်မှုလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ မော်တော်ယာဉ်ထုတ်လုပ်မှုဈေးကွက်ဖြန့်ဖြူးရေးအဆင့်ဆင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း၊ အလူမီနီယံ ထုတ်လုပ်မှုလုပ်ငန်း၊ မော်တော်ယာဉ်ထုတ်လုပ်မှုဆိုင်ရာ သုတေသန၊ နည်းပညာနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးသုံးနှင့် ဆောက်လုပ်ရေးသုံး စက်ပစ္စည်းများလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ရောင်းဝယ်မှုပြုလုပ်နိုင်ရန် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။

အထက်ပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ရန် စိတ်ဝင်စားသည့် မြန်မာစီးပွားရေး လုပ်ငန်းရှင်များသည် ကုန်သည်/စက်မှုအသင်းချုပ် (နိုင်ငံတကာဆက်ဆံရေးဌာန)သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း -၂၁၄၃၄၄-၄၉ သို့လည်းကောင်း ဆက်သွယ်မေးမြန်းစာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၆-၃-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာ့ရှုခင်း
- ၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁း၀၅ ၄။ အဖွင့်သီချင်း
- ၁၁း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁း၂၀ ၆။ **ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၃၆)**
- ၁၁း၄၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြင်းစားချစ်သူ**
- ၁၂း၃၀ ၈။ ကျန်းမာသုတ
- ၂း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၄၇)**
- ၂း၅၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၂း၅၅ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၅ ၇။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၄၀ ၈။ မြန်မာ့ရှုခင်း
- ၄း၅၀ ၉။ အားလုံးရဲ့တာဝန်
- ၅း၁၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၀ ၁၁။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၄။ ဘဝကြေးမုံ "မမြင်ရတဲ့မီး" အကယ်ဒမီထွန်းထွန်းဝင်း၊ ကောင်းမိုးယံနှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-ဆဲဗင်း(IC)]
- ၆း၅၀ ၁၅။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျှော်လင့်ခြင်းရောင်ခြည် (အပိုင်း-၁၆)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ပဟေဠိနန်းတော်
- ၂၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျဉ်းပြိုင်များ(အပိုင်း-၁၄)**
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း(အပိုင်း-၃၄)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

မိုးသောက်ပန်းဂျာနယ် ထွက်ရှိ

ရန်ကုန် မတ် ၅

မြဝတီစာပေတိုက်မှ အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသော မိုးသောက်ပန်းဂျာနယ် အတွဲ(၁၄)၊ အမှတ်(၁၀)တွင် ကာတွန်းတင်အောင်နီ၏ 'လျှပ်တစ်ပြက်လက်ချက်'၊ ကာတွန်းသန့်စင်၏ 'စူပါမှုန်ကြီး'၊ ကာတွန်းလွမ်းမောင်(သုဝဏ္ဏ)၏ 'ကိုအူလည်နှင့် ကြက်တူရွေး'၊ ကာတွန်း စောဟန်၏ 'ရန်ပိုင်စိုးနှင့် စာမတတ်ရင်' ကာတွန်းဇက်တီ၏ 'ခြသေ့်လေးလီယို'၊ ကာတွန်းမြေဇာ၏ 'မလုပ်နဲ့ဆို'၊ ကဗျာကဏ္ဍတွင် မန်းတင့်မော်၏ 'နွေဦး'၊ ပုံပြင်ကဏ္ဍတွင် ဦးစော၏ 'သေခြင်းတရား လျင်မြန်ခြင်းအကြောင်း'နှင့် ဉာဏ်စွမ်းရည်ကဏ္ဍတွင် 'ဆုဒိုခု'ပြိုင်ပွဲနှင့် ဆေးရောင်လှလှခြယ်ကြရအောင်၊ ဗဟုသုတကဏ္ဍစသည့် ကဏ္ဍစုံ၊ ရသစုံနှင့် ဝေဝေဆာဆာထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း၊ မိုးသောက်ပန်းဂျာနယ်များ ဝယ်ယူလိုပါက အမှတ်(၁၈၁) (၃၂)လမ်း(အထက်) ပန်းဘဲတန်းမြို့နယ်နှင့် အမှတ် (၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် ၅၅၉၂၇၃ တို့တွင် ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စွမ်းဆောင်ရည်ကိုမြှင့်၊ လူမျိုးကိုတင့်စေ

ကြယ်စင်သာ

၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့ နံနက် ၉း၃၀ နာရီ။ ဆောင်းငွေ့တို့ မပြယ်သေးသည်မို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် နှင်းမြူပါးပါးက အုံ့ဆိုင်းနေဆဲ။ ပတ်ဝန်းကျင်တစ်ခွင်ကို ပိန်းပိတ်နေအောင်တော့မဟုတ်။

TG-၃၀၄ ထိုင်းလေယာဉ်ပေါ်တွင် ခရီးသည်များနှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီ၊ ဂျိုက်ပူးနှင့် အာဂရာမြို့များရှိ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများကို သွားရောက်လေ့လာမည့် မြန်မာကိုယ်စားလှယ်အဖွဲ့လည်း ပါဝင်သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် အဖွဲ့ဝင်ဦးရေမနည်းလှ။ သက်ဆိုင်ရာဌာနများတွင် အလယ်အလတ် အရာထမ်းတာဝန်များကို ထမ်းဆောင်နေသူများဖြစ်သောကြောင့် အသက်အရွယ်အရလည်း လူလတ်ပိုင်းအရွယ်က ပိုများသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုးဦး ဦးဆောင်ပြီး အဖွဲ့ဝင်များအဖြစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ဝန်ကြီးချုပ်ရုံး၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ အရာထမ်း ၁၇ ဦး ပါဝင်သည်။

TG-၃၀၄ လေယာဉ်သည် ဒေသစံတော်ချိန် ၁၁ နာရီ ၁၅ မိနစ်တွင် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်ရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင် ဦးဆောင်သည့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ဝန်ထမ်းများက လာရောက်ကြိုဆိုခဲ့ကြသည်။ လေဆိပ်ရှိ VIP-၁ အခန်း၌ နေရာချထားပေးပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြသည်။ ထို့မျှမကသေး။ လေဆိပ်ရှိ စားသောက်ဆိုင်တစ်ခု၌ မြန်မာကိုယ်စားလှယ်အဖွဲ့အား နေ့လယ်စာဖြင့် ဧည့်ခံခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ည ၈ နာရီ ၄၅ မိနစ်တွင် TG-၃၁၅ လေယာဉ်ဖြင့် ဗန်ကောက်မှထွက်ခွာပြီး ဒေသစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ အင်ဒီရာဂန္ဒီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့သည်။ လေဆိပ်တွင် မြန်မာအဖွဲ့အား ယာယီသံရုံးတာဝန်ခံ ဦးဘလှအေး ဦးဆောင်သော အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ဝန်ထမ်းများက လာရောက်ကြိုဆိုကာ ခေတ္တတည်းခိုမည့် ပြည်သူ့အုပ်ချုပ်မှုရေးရာတက္ကသိုလ် (Indian Institute of Public Administration-IIPA) သို့ ပို့ဆောင်ပေးခဲ့သည်။

ဇန်နဝါရီလ ၃၁ ရက်နေ့။ မြန်မာကိုယ်စားလှယ်အဖွဲ့အတွက် အိန္ဒိယမြေတွင် ခရီးစဉ်စတင်သည့်နေ့ဖြစ်၍ မြင်ကွင်းအသစ်အဆန်းများနှင့် စတင်ထိတွေ့ခဲ့ကြသည်။ ပထမဦးစွာ အိန္ဒိယနိုင်ငံ ပြည်သူ့အုပ်ချုပ်မှုရေးရာတက္ကသိုလ်ကို ရောက်ရှိခဲ့ကြသည်။ ထိုတက္ကသိုလ်တွင် မြန်မာအဖွဲ့ဝင် ပြည်သူ့ဝန်ထမ်းအရာရှိများအတွက် Capacity Building Programme ကို ဇန်နဝါရီလ ၃၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၄ ရက်နေ့အထိ ပထမဦးဆုံး ကျင်းပပေးခဲ့သည်။

ထို့အပြင် မြန်မာအဖွဲ့သည် နိုင်ငံခြားရေးဆိုင်ရာ ဝန်ထမ်းတက္ကသိုလ် (Foreign Service Institute) ကိုလည်း သွားရောက်လေ့လာခွင့်ရခဲ့သည်။ တက္ကသိုလ်မှ တာဝန်ရှိပုဂ္ဂိုလ်များက တက္ကသိုလ်ဖွဲ့စည်းပုံ၊ သင်ကြားရေး၊ လေ့ကျင့်ရေး၊ လုပ်ငန်းဆောင်တာအဝဝတို့နှင့်ပတ်သက်၍ ရှင်းပြခဲ့ကြသည်။ တက္ကသိုလ်မှ တည်ခင်းသော လက်ဖက်ရည်ကို သုံးဆောင်ပြီးနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာသံရုံး အစီအစဉ်ဖြင့် နယူးဒေလီမြို့တော်ကို လေ့လာကြည့်ရှုခွင့်ရခဲ့သည်။

ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နယူးဒေလီရှိ အိန္ဒိယနိုင်ငံ၏ ပြည်ထောင်စုရာထူးကော်မရှင် (Union Public Service Commission) သို့ သွားရောက်ကာ ကော်မရှင်တွဲဖက်အတွင်းရေးမှူး မစ္စတာ အူဘန်ထရီပထီနှင့် တွေ့ဆုံခဲ့ကြသည်။ ပထမဦးစွာ ကော်မရှင်တွဲဖက်အတွင်းရေးမှူးက မြန်မာကိုယ်စားလှယ်အဖွဲ့အား နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြန်မာအဖွဲ့ခေါင်းဆောင် ဦးစိုးဦးက ပြန်လည်ပြောကြားရာတွင် မြန်မာပြည်သူ့ဝန်ထမ်းအရာရှိများအတွက် Capacity Building Programme ကို ဇန်နဝါရီလ ၃၁ ရက်နေ့မှ ဖေဖော်ဝါရီ လ ၄ ရက်နေ့အထိ ကျင်းပပေးသည့်အတွက် အိန္ဒိယအစိုးရ အထူးသဖြင့် အိန္ဒိယသမ္မတနိုင်ငံပြည်သူ့အုပ်ချုပ်မှုရေးရာတက္ကသိုလ်ကို ကျေးဇူးတင်ပါကြောင်း၊ ထို့အတူ ဤအစီအစဉ်ကို ကမကထပြုလုပ်ပေးသော ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်းကိုလည်း အထူးကျေးဇူးတင်ပါကြောင်း၊ ဤအစီအစဉ်သည် အဆွေတော်၏အမြော်အမြင် ဦးဆောင်မှုနှင့်အတူ အိန္ဒိယနိုင်ငံ ပြည်သူ့အုပ်ချုပ်မှုရေးရာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ ရလဒ်တစ်ခုဖြစ်ကြောင်း၊ ပြီးခဲ့သောလအနည်းငယ်က ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ အိန္ဒိယနိုင်ငံသို့လာရောက်ခဲ့ပြီး အိန္ဒိယနိုင်ငံဝန်ထမ်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ယခုအစီအစဉ်ကို ဖော်ဆောင်ရန် ဆွေးနွေးခဲ့ကြကြောင်း၊ ယခုလာရောက်သော အဖွဲ့ဝင် (၁၈) ဦးသည် ၂၀၁၀ ခုနှစ် နိုဝင်ဘာလက မြန်မာနိုင်ငံတွင်ကျင်းပခဲ့သော အလားတူအစီအစဉ်တစ်ခု၌ ပါဝင်ဆွေးနွေးခဲ့ကြသည့် အရာရှိ (၆၀) အနက်မှ ရွေးချယ်ခဲ့သောသူများဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ ပြည်ထောင်စုရာထူးဝန်ကော်မရှင်၏ အဓိကလုပ်ငန်း၊ လုပ်ထုံးလုပ်နည်းနှင့် ဝန်ထမ်းရွေးချယ်မှုစံနှုန်းများမှာ အထူးပင် စိတ်ဝင်စားစရာကောင်းကြောင်း၊ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပါက ပြည်ထောင်စုရာထူးဝန်ကော်မရှင်နှင့် အခြားသောတက္ကသိုလ်အဖွဲ့အစည်းများမှ လေ့လာသိရှိခဲ့သော အတွေ့အကြုံ ဗဟုသုတများကို မျှဝေသွားမှာဖြစ်ကြောင်း၊ အဆွေတော်နှင့်တကွ တာဝန်ရှိပုဂ္ဂိုလ်များ ကျန်းမာချမ်းသာပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲတွင် နယူးဒေလီမှ ဂျိုက်ပူးသို့ ခရီးဆက်ခဲ့ကြသည်။ လမ်းဝဲယာတစ်လျှောက် စိမ်းလန်းစိုပြည်သည့် စပါးနှင့်မုန်ညင်းခင်းများ၊ အားဖြည့်ထားသော သဘာဝရှုခင်းများ၊ အဝေးပြေးလမ်းမကြီးအား ခြောက်လမ်းသွားလမ်းအဖြစ် တိုးချဲ့တည်ဆောက်နေမှုများ၊ မြို့သစ်အကွက်ချထားမှု အခင်းအကျင်းများ၊ ကုလားအုတ်တစ်ကောင်တပ်သောလှည်းများ၊ အလှပြဆင်ကြီးများ၊ ဒေသခံတို့၏ မိရိုးဖလာလုပ်ငန်းများနှင့် လူမှုစီးပွားပုံစံများက မြန်မာကိုယ်စားလှယ်များအဖို့ မြင်ကွင်းအသစ်အဆန်းများ ဖြစ်နေလေသည်။

ည ၇ နာရီခွဲတွင် ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်မြို့တော်ဟု သတ်မှတ်ထားသည့် ဂျိုက်ပူးမြို့ရှိ ပြည်နယ် ပြည်သူ့အုပ်ချုပ်မှုရေးရာတက္ကသိုလ် (State Institute of Public Administration) သို့ ရောက်ရှိခဲ့ပါသည်။ ပြည်နယ် ပြည်သူ့အုပ်ချုပ်မှုရေးရာတက္ကသိုလ်တွင် ပါမောက္ခမစ္စတာ အရှာဆင်နှင့် တွေ့ဆုံခဲ့ရာ၌ ပါမောက္ခ မစ္စတာ အရှာဆင်က မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဂျိုက်ပူးမှ ကြိုဆိုပါကြောင်း နှုတ်ခွန်းဆက်ခဲ့သည်။

ဂျိုက်ပူးမြို့ လည်ပတ်မှုခရီးစဉ် မပြီးဆုံးသေး။ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ဂျိုက်ပူးမြို့ရှိ သမိုင်းဝင် Ambar Palace နှင့် Ambar Fort သို့ သွားရောက်လည်ပတ်ရမည်ဖြစ်သည်။ အထင်ကရနေရာများကို လည်ပတ်ရမည်ဖြစ်သောကြောင့် အဖွဲ့ဝင်များတက်ကြွနေကြသည်။ နံနက်စာ စားသောက်ပြီးနောက် ဂျိုက်ပူးမြို့၏ ဖော်ပြပါ အထင်ကရနေရာများတွင် လှည့်လည်ရင်း အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်များကို လေ့လာခွင့်ရခဲ့သည်။

ဖေဖော်ဝါရီလ ၃ ရက်နေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျိုက်ပူးမှ အာဂရာသို့ ထွက်ခွာခဲ့ကြသည်။ အာဂရာရှိ ကမ္ဘာကျော် Taj Mahal၊ သမိုင်းဝင်(Agra Fort) တို့တွင် အိန္ဒိယ ရှေးဟောင်းဗိသုကာလက်ရာများကို လေ့လာခွင့်ရခဲ့ကြသည်။ အာဂရာတွင် အားရအောင် လည်ပတ်ခွင့်ရခဲ့ပြီး ညနေ ၄ နာရီ ၁၅ မိနစ်တွင် အာဂရာမှ နယူးဒေလီသို့ ပြန်လည်ထွက်ခွာခဲ့ကြရာ မူလတည်းခိုသည့် ပြည်သူ့ အုပ်ချုပ်မှုရေးရာတက္ကသိုလ်သို့ ည ၉ နာရီ မိနစ် ၃၀ တွင် ပြန်လည်ရောက်ရှိသည်။

ဖေဖော်ဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းတွင် မြန်မာသံရုံးက လေ့လာရေးအဖွဲ့အား နယူးဒေလီမြို့ကို နောက်တစ်ကြိမ် လှည့်လည်ကြည့်ရှုနိုင်ရန် စီစဉ်ပေးခဲ့သည်။ နယူးဒေလီရှိ သမိုင်းဝင် Indian Gate နှင့် ခံတပ်နီ (Red Fort) တို့ကို လေ့လာခွင့်ရရှိခဲ့သည်။ စင်စစ် နယူးဒေလီသည် လွန်စွာကြီးမားကျယ်ပြန့်သော မြို့တော်တစ်ခုဖြစ်သည်။ လူဦးရေ ထူထပ်သိပ်သည်းပြီး ခမ်းနားကြီးကျယ်သော အဆောက်အအုံများက နေရာအနှံ့တွင်ရှိနေသည်။ စနစ်ကျသော မြို့ပြဖွဲ့စည်းမှုအပြင် လိုအပ်သောနေရာများ၌ သဘာဝတောများကို တည်ထောင် ထားသောကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပြီး ဖြစ်နေလေသည်။

ည ၈ နာရီခွဲတွင် ပြည်သူ့အုပ်ချုပ်မှုရေးရာတက္ကသိုလ်က မြန်မာအဖွဲ့ကို ဂုဏ်ပြုညစာ တည်ခင်းခဲ့သည်။ ညစာမသုံးဆောင်မီ အိန္ဒိယနိုင်ငံ ပြည်သူ့အုပ်ချုပ်မှုရေးရာတက္ကသိုလ်မှ ညွှန်ကြားရေးမှူး ဒေါက်တာရာကက်ရှ်ဟိုဂျာက နှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးစိုးဦးက နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားသည်။

မြန်မာအဖွဲ့ခေါင်းဆောင်က ယခုခရီးစဉ်မှာ ငါးရက်သာကြာညောင်းခဲ့သော်လည်း ပြည်သူ့ဝန်ထမ်းနှင့် ပတ်သက်သော အရေးကြီးသည့်အချက်အလက်များကို လေ့လာခွင့်ရသည့်အပြင် ဒေသန္တရဗဟုသုတများ အဖြစ် ဂျိုက်ပူးမြို့ရှိ ပြည်နယ် ပြည်သူ့အုပ်ချုပ်မှုရေးရာတက္ကသိုလ်၊ ပြည်နယ်အုပ်ချုပ်ရေးရုံးနှင့် အာဂရာမြို့ရှိ တာ့ချ်မဟာလ် (Taj Mahal) တို့ကိုလည်း ရောက်ရှိလေ့လာခွင့်ရခဲ့ကြောင်း၊ ခရီးစဉ်အတွင်း သက်ဆိုင်ရာတက္ကသိုလ်များ၏ လှိုက်လှဲစွာကြိုဆိုမှုနှင့် ဧည့်ဝတ်ကျေပွန်မှုများကို တွေ့ကြုံခံစားခဲ့ရကြောင်း၊ ထို့ကြောင့်လည်း ခရီးစဉ် အဆင်ပြေအောင် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော ဒေါက်တာရာကက်ရှ်ဟိုဂျာနှင့် မအားလပ်သည့်ကြားက ကိုယ်တိုင် လိုက်ပါပို့ဆောင်ပေးခဲ့သော ပါမောက္ခ သုဇာတာဆင်းတို့ကို ကျေးဇူးတင်ရှိပါကြောင်း၊ ထို့အတူ ခရီးစဉ်တစ်လျှောက် လိုအပ်သောအကူအညီအားလုံးပံ့ပိုးပေးခဲ့သော မစ္စတာဗီဂျေရှာမားကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာအဖွဲ့ခေါင်းဆောင်က တန်ဖိုးမဖြတ်နိုင်သည့်ခရီးစဉ်ကို ကမကထပြုပေးသော ဂျပန်နိုင်ငံ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်းကိုလည်း ဤနေရာမှ ကျေးဇူးတင်သည်ဟု ပြောကြားလိုပါကြောင်း၊ ခရီးစဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံ ပြည်ထောင်စုရာထူးဝန်ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံခြားရေးဆိုင်ရာ ဝန်ထမ်းတက္ကသိုလ်ဌာနမှူး ဒေါက်တာအဂရာဝေါလ်နှင့်တွေ့ဆုံပြီး အမြင်ချင်းဖလှယ်ခွင့်ရရှိခဲ့ကြောင်း၊ အမြင်ဖလှယ်ရာမှရရှိလာသော အတွေ့အကြုံများကို မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပါက ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူထံ အစီရင်ခံစာ တင်ပြသွားမှာဖြစ်သည့်အပြင် ခရီးစဉ်အတွေ့အကြုံများကို သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းများအား မျှဝေသွားမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် မြန်မာအဖွဲ့ခေါင်းဆောင်က ယခုအစီအစဉ်သည် မြန်မာနိုင်ငံမှ အလယ်အလတ်အဆင့်အရာရှိ များ၏ အိန္ဒိယနိုင်ငံသို့ ပထမဦးဆုံးလာရောက်လည်ပတ်သော ခရီးစဉ်ဖြစ်ကြောင်း၊ နောက်နောင်တွင် ယခုကဲ့သို့ ခရီးစဉ်ရှိလာပါက လိုအပ်ချက်များကို အကောင်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ထားနိုင်မည် ဖြစ်ကြောင်း၊ အဖွဲ့ကိုယ်စားအားလုံးကို ကျေးဇူးတင်ပါကြောင်းနှင့် နောက်တစ်ကြိမ် ပြန်လည်တွေ့ဆုံကြရေး ကိုလည်း မျှော်လင့်ပါကြောင်း ပြောကြားသည်။

လေ့လာရေးခရီးစဉ် ပြီးဆုံးပြီ။ အမိနိုင်ငံသို့ ပြန်ရတော့မည်။ အပြန်ခရီးချောမွေ့စေရေးအတွက် မြန်မာသံရုံးက အစစစီစဉ်ပေးခဲ့သည်။ ည ၉ နာရီခွဲတွင် ပြည်သူ့အုပ်ချုပ်မှုရေးရာတက္ကသိုလ်မှ အင်ဒီရာဂန္ဒီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာကိုယ်စားလှယ်များ ထွက်ခွာခဲ့ကြသည်။

TG-၃၁၆ ထိုင်းလေကြောင်းမှလေယာဉ်သည် နယူးဒေလီမြို့ အင်ဒီရာဂန္ဒီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဖေဖော်ဝါရီလ ၅ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်တွင် စတင်ထွက်ခွာခဲ့သည်။ ဗန်ကောက်ရှိ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် နံနက် ၆ နာရီခွဲတွင် ရောက်ရှိခဲ့ကြသည်။ လေဆိပ်တွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ဝန်ထမ်းများက နွေးထွေးစွာလာရောက်ကြိုဆိုပြီး မြဘုရားသို့ ပို့ဆောင်ပေးပါသည်။ ပြီးနောက် သံအမတ်ကြီး ဦးအောင်သိန်းက မြန်မာအဖွဲ့ဝင်များအား ဗန်ကောက်မြို့၏ အထပ်အမြင့်မားဆုံး ဘိုင်ရုခ်စကိုင်းဟိုတယ်တွင် နေ့လယ်စာဖြင့် ဧည့်ခံခဲ့သည်။

အပြန်ခရီးကိုလည်း TG -၃၀၅ လေယာဉ်ဖြင့် ပြန်လာခဲ့ကြသည်။ ခရီးစဉ်တစ်လျှောက်လုံး ပင်ပန်းခဲ့သမျှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို မြင်လိုက်ရသည်နှင့် အမောပြေခဲ့ရသည်။

လေ့လာရေးခရီးစဉ်တစ်ခုလုံး စုစုပေါင်း ခုနစ်ရက်သာကြာမြင့်ခဲ့သည်။ တိုတောင်းလှသော ခရီးစဉ်ကာလအတွင်း၌ပင် မြန်မာအဖွဲ့ဝင်များသည် ဆောင်ရွက်ဖွယ်ရှိသည်များကို မနားမနေ ဆောင်ရွက်ခဲ့ကြရသည်။ လေ့လာရေးအပြင် သက်ဆိုင်ရာတက္ကသိုလ်များမှ တာဝန်ရှိသူများနှင့် နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်မားရေး နည်းနာနိဿယများကို ဆွေးနွေးခဲ့ကြသည်။ အမြင်ချင်းဖလှယ်ခဲ့ကြသည်။ လေ့လာခဲ့ကြရသည်။ မှတ်သားစရာများကို မှတ်သားခဲ့ကြသည်။

စင်စစ် ယခုခရီးစဉ်သည် သာမန်လေ့လာရေးခရီးတစ်ခု မဟုတ်ခဲ့။ မြန်မာအဖွဲ့ဝင်တို့သည် မိမိနိုင်ငံ၏ ဝန်ထမ်းများ စွမ်းဆောင်ရည်တိုးတက်ရေးအတွက် အာရုံပြုစိတ်ညွှတ်ကာ လေ့လာလှည့်လည်ရာ နေရာတိုင်းတွင် ဆည်းပူးမှု၊ ဆွေးနွေးမှုတို့ကို မပြတ်ပြုလုပ်ခဲ့ရသည်။ သို့အတွက် ပင်ပန်းပါ၏။ ပင်ပန်းသည်နှင့်အမျှ အဖိုးမဖြတ်နိုင်သော အတွေ့အကြုံကောင်းများကို ရရှိခဲ့ပါသည်။ နိုင်ငံတကာနှင့်ယှဉ်သော အတွေ့အကြုံများမို့ ရွှေနှင့်ဆက်၍ ဝယ်လျှင်ပင် ရနိုင်မည်မထင်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို အရှိန်အဟုန်ဖြင့် တည်ဆောက်နေပြီ။ မြန်မာတို့ စွမ်းဆောင်ရည်မြှင့်ကြရမည်။ အထူးသဖြင့် နိုင်ငံ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်ကြရမည်။ မိမိတို့စွမ်းဆောင်ရည်မြင့်မှ လူမျိုးမြင့်လာမည်။ လူမျိုးမြင့်မှ နိုင်ငံတိုးတက်မည်။ လုပ်ဆောင်စရာများ များစွာဆောင်ရွက်ခဲ့ပြီးပြီ။ ရှေ့ခရီးအဖို့လည်း ဆောင်ရွက်စရာများစွာကျန်သေးသည်။ အားကိုခိုင်မာန်ကိုတင်း၊ လက်ချင်းကိုတွဲလျက် နိုင်ငံ့ဝန်ထမ်းတို့ သမိုင်းပေးတာဝန်ကျေပွန်ရေး ရှေ့ခရီးကို ဆက်ကြရဦးမည်။ စနစ်သစ်ဖြင့် ချီတက်နေသော နိုင်ငံတော်၏အနာဂတ်ကို မျှော်ကြည့်နိုင်ပြီ။ အနာဂတ်နိုင်ငံတော်သည် ရွှေရောင်တို့ ဝင်းလက်လျက်ရှိသည်ကို မျက်လုံးမျက်ဖန် အမြင်သန်ပြီး ကြည့်ရှုနည်းမှန်သူအားလုံးက မြင်တွေ့နိုင်မည်ဖြစ်ပါသည်။ ။

တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး ရေပေးဝေရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၅

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦးသည် ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် ကလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမသို့ရောက်ရှိပြီး ကလောမြို့နယ် ရေပေးဝေရေးကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံရာ တာဝန်ရှိသူတစ်ဦးက ကလောမြို့နှင့် အောင်ပန်းမြို့နေ ပြည်သူလူထုအတွက် ရေပေးဝေနိုင်မှု၊ ဆည်တမံများအတွင်း မိုးရေစုဆောင်းပြီး သောက်သုံးရေပေးဝေနိုင်မှုနှင့် တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် ကလောမြို့ ရေပေးဝေရေး ရေအေးကန်၌ ရေစုဆောင်းသိုလှောင်ထားနိုင်မှုနှင့် ရေထိန်းတမံတည်ဆောက်ထားရှိမှု အခြေအနေများ၊ အင်းပြင်ရေတင်စက်ရုံနှင့် ခနောက်စိမ်းရေတင်စက်ရုံတို့၌ သဘာဝရေထွက်မှ ရေထွက်ရှိမှုအခြေအနေများနှင့် လျှပ်စစ်ရေတင်စက်များဖြင့် မြို့နေလူထုအတွက် ရေပေးဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နားအွန့်သဘာဝရေထွက်သို့ ရောက်ရှိပြီး လျှပ်စစ်ရေတင်စက်များဖြင့် ရေပေးဝေမှု၊ နားအွန့်ရေထွက်၌ ရေစုတမံတည်ဆောက်မည့် လုပ်ငန်းအခြေအနေများနှင့် အောင်ပန်းမြို့ ရေပေးဝေရေးအတွက် လျှပ်စစ်ရေတင်စက်ရုံအသစ် တည်ဆောက်နေမှုများ၊ ရေပိုက်လိုင်းများ သွယ်တန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ရေစုကန် တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် အောင်ပန်းမြို့ လွယ်မောဆည်နှင့် ငကြောင်အိုင် သဘာဝရေထွက်ဆည်များသို့ရောက်ရှိပြီး ဆည်များအတွင်း ရေစုဆောင်းသိုလှောင်ထားနိုင်မှုနှင့် ရေထိန်းတမံ တည်ဆောက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အောင်ပန်းမြို့နယ်မြေခံပညာရေးကျောင်းသို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး စီမံဆောင်ရွက်ထားရှိမှု၊ ပညာသင်ကြားစီမံမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညောင်တုန်းမြို့ မြစ်ကမ်းပတ်တာ ကျောက်စီနံရံပြုလုပ်

ညောင်တုန်း မတ် ၅

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ညောင်တုန်းမြို့ မြစ်ကမ်းပတ်တာ ကျောက်စီနံရံ ပြုလုပ်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွန့်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇော်လွင်တို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (မြို့နယ်စည်ပင်)

၂၀ ရာစု ကမ္ဘာစစ်ပွဲကြီးများသမိုင်းနှင့် စစ်အေးကာလဖြစ်ရပ်များအကြောင်း အကျဉ်းချုပ် (ပထမတွဲ)နှင့် (ဒုတိယတွဲ)စာအုပ် ထွက်ရှိ

ရန်ကုန် မတ် ၅

အမျိုးသားစာပေဆုရ ဆရာကြီး ဦးဖေသိန်း (B.Sc, Engg.Electrical) (လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပညာကျမ်းပြုဆရာကြီး) ရေးသားထားသော ၂၀ ရာစု ကမ္ဘာစစ်ပွဲကြီးများသမိုင်းနှင့် စစ်အေးကာလ ဖြစ်ရပ်များအကြောင်း အကျဉ်းချုပ် (၁၉၁၄-၁၉၉၂) စာအုပ် (ပထမတွဲ)နှင့် (ဒုတိယတွဲ)စာအုပ်များ ထွက်ရှိလာသည်။

ပြည့်ပြည့်စုံစုံ

အဆိုပါစာအုပ်(ပထမတွဲ)တွင် စစ်ကြိုနှင့်စစ်ကာလများအတွင်း ကမ္ဘာ့အရေးအရာများကို ခြယ်လှယ်ဖန်တီးဖော်ဆောင်ခဲ့ကြသည့် အင်အားကြီးလေးနိုင်ငံ ဖြစ်ကြသည့် ရုရှား၊ ဂျာမနီ၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံများ၏ လူမှုရေး၊ စီးပွားရေး၊ စစ်ရေးအကြောင်းများကို ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။

(ဒုတိယတွဲ)စာအုပ်တွင် ကြောက်မက်ဖွယ်ရာကောင်းသည့် ပထမကမ္ဘာစစ်ကြီးမျိုး ထပ်မံ မဖြစ်ပွားစေရေး ရည်မှန်းချက်နှင့် စစ်နိုင်အုပ်စုများက ဦးဆောင်ပြီး နိုင်ငံပေါင်းစုံ အဖွဲ့ချုပ်ကြီးကိုဖွဲ့ကြောင်း၊ လက်နက်ဖျက်သိမ်းရေးနှင့် နိုင်ငံအချင်းချင်း ကျူးကျော်တိုက်ခိုက်မှု မဖြစ်စေရေး အဓိကထားသော်လည်း အောင်မြင်မှု မရရှိခဲ့ကြောင်း ဖော်ပြထားသည့်အပြင် ကမ္ဘာအရှေ့ပိုင်း ဂျပန်၏ အောင်ပွဲများ၊ ဂျပန်များစစ်ရှုံးချိန် ကမ္ဘာစစ်ကြီးအပြီး စစ်အေးတိုက်ပွဲများ၊ နောက်ဆက်တွဲနှင့် ကမ္ဘာ့နိုင်ငံရေး၊ စစ်ရေးခေါင်းဆောင်ကြီးများ၏ ရုပ်ပုံ ၇၀ ခန့်၊ သမိုင်းဝင်စစ်ဆင်ရေး မြေပုံ ၂၀ ကျော်၊ စစ်ရေးစစ်ရာရုပ်ပုံ၊ ဓာတ်ပုံများစွာကို ဝေဝေဆာဆာ ဖော်ပြထားသည်။

တန်ဖိုးငွေ

အဆိုပါစာအုပ်(ပထမတွဲ)နှင့် (ဒုတိယတွဲ)ကို ရန်ကုန်မြို့ ဖုန်း-၀၁-၅၆၁၈၆၈ နှင့် ၅၇၇၄၀၄၊ ရန်ကင်းမြို့နယ် (၁၂)ရပ်ကွက် သစ္စာလမ်းမကြီး အမှတ်(၁၉၂)ရှိ လျှပ်စစ်စာပေမှထုတ်ဝေပြီး တန်ဖိုးမှာ(ပထမတွဲ) စာအုပ် တစ်အုပ်လျှင် ငွေကျပ် ၄၀၀၀ နှင့်

(ဒုတိယတွဲ)စာအုပ် တစ်အုပ်လျှင် ငွေကျပ် ၄၅၀၀ တို့ဖြစ်ကြောင်း သိရသည်။

စာအုပ်များမှာယူလိုပါက ရန်ကင်းစာတိုက်၊ ကမ္ဘောဇဘဏ်(ဗဟန်း)နှင့် ရိုးမဘဏ်(ရန်ကင်း)တို့တွင် ကျသင့်ငွေလွှဲပို့ပေးပါက စာအုပ်များအမြန်ဆုံး ပို့ပေးမည်ဖြစ်ကြောင်းလည်း သိရှိရသည်။ (သတင်းစဉ်)

အထက(၅)တာမွေ(ယခင် စိန့်ဖရန့်စစ် ယောက်ျားလေးကျောင်း) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၅

အထက(၅)တာမွေ(ယခင် စိန့်ဖရန့်စစ် ယောက်ျားလေးကျောင်း)၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၂ရက် (စနေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း သစ္စာခန်းမ၌ ကျင်းပမည်ဖြစ်ရာ၍ ဖိတ်ကြားထားသော ဆရာကြီး၊ ဆရာမကြီးများနှင့်တကွ ကျောင်းသားဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက ကိုစိန်ဝင်း(သန္တာပတ္တမြားကုမ္ပဏီ) ဖုန်း-၀၉-၅၁၃၉၇၄၄၊ ကိုကျော်ဟန် ဖုန်း-၀၁-၅၅၄၆၅၈၊ ကိုကျော်ကျော်နိုင် ဖုန်း-၀၉-၅၁၂၃၀၃၅၊ ကိုမောင်မောင်အေး (ပီပါခွံ/သံပြားရောင်းဝယ်ရေး) ဖုန်း-၀၉-၅၁၀၄၆၆၀၊ ကိုမြင့်သိန်း(မွေ့ရာ) ဖုန်း-၀၉-၅၁၅၁၁၇၉၊ ကိုသန်းဌေး(မော်ဒန်လက်ဖက်ရည်ဆိုင်) ဖုန်း-၀၉-၅၁၄၇၁၉၄၊ ကိုတင်ရွှေ ဖုန်း-၀၁-၅၃၈၂၆၆၊ ကိုအောင်ချစ် ဖုန်း-၀၉-၇၃၀၃၈၅၁၀၊ ကိုကျူးခေါင် ဖုန်း-၀၉-၅၀၉၆၉၀၃၊ ကိုစိန်ဝင်း(လေဒီချစ်) ဖုန်း-၀၉-၅၁၂၈၁၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ တာမွေမော်ဒန်လက်ဖက်ရည်ဆိုင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေညနေတိုင်း ပုံမှန်အစည်းအဝေး ပြုလုပ်လျက်ရှိပါသောကြောင့် တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်းလည်း သိရသည်။ (ကြေးမုံ)

သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲကို အဆိုပါကျောင်းခန်းမ၌ ဖေဖော်ဝါရီ ၂၆ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မခင်ထက်ထက်ထွန်း အား ကျောင်းအုပ်ဆရာကြီး ဦးသန်းမော် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပြည်သူ့ထံမှ ပေးစာများ

နေ့စဉ်ညဆက် သီချင်းဖွင့်သံ ဆူညံ

စာတည်းရှင့်-

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဇေယျသုခလမ်း၊ အရှေ့ခြမ်း (စုပေါင်းနှင့်ကျောင်းလမ်းကြား)ရှိ ခြံတစ်ခြံတွင် နေအိမ်များပြားလှသဖြင့် နေ့စဉ်ညဉ့်နက်သည်အထိ ဆူညံစွာသီချင်းဖွင့်နေကြပါသဖြင့် ပတ်ဝန်းကျင်နေသူများ စာကျက်မရပါသောကြောင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူများ

ဘော်ဒီရုံနှင့်အမှိုက်ပုံ ရှင်းလင်းစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်မီးရထားဝင်း၊ ကွန်ကရစ်လမ်းဘေး ဘော်ဒီရုံသုံးရုံမှ ကားဘော်ဒီထုသံ၊ ကားဆေးမှုတ်နံ့၊ အမှိုက်ပုံမှ အနံ့ဆိုးများ၊ ကျူးကျော်တဲများ၊ ကျူးကျော်ဆိုင်နှင့် ပျက်စီးယိုယွင်းနေသော လူကူးတံတားတို့ကြောင့်လမ်းသွားလမ်းလာများ စိတ်အနှောင့်အယှက် ဖြစ်ရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

တောင်ညွန့်သား

ပလတ်စတစ်ညှော်နံ့ ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင် ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်ရှိ လေးထပ်တိုက်၏ မြေညီထပ်တွင် ပလတ်စတစ်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ပတ်ဝန်းကျင်တွင်နေထိုင်သူများ နေ့စဉ် ပလတ်စတစ်ညှော်နံ့ ရှူရှိုက်နေရသည့်အတွက် ကျန်းမာရေးထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်သူ

ဆောင်းဘောက်သံများဆူညံမှု ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ သံသုမာလမ်းနှင့် ဒေဝဒဟလမ်းကြား၊ ယသဝတီလမ်းပေါ်ရှိ လက်ဖက်ရည်ဆိုင်များသည် နေ့စဉ်နံနက်မှ ညဆိုင်ပိတ်ချိန်အထိ ဆောင်းဘောက်များဖြင့် သီချင်းများ၊ ဘောလုံးပွဲများ ဆူညံစွာဖွင့်၍ စီးပွားရှာလျက်ရှိရာ ပတ်ဝန်းကျင်နေသူများ စာမေးပွဲကြီးဖြေဆိုချိန်ရောက်ရှိနေပါ၍ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မိဘများ

ဂျိုးဖြူရေမလာအတော်ကြာ

စာတည်းရှင့်-

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ရန်ပြေအရှေ့ (၄)လမ်းတွင် ရေမလာသည်မှာ ကြာပြီဖြစ်ပါသည်။ ရေအမြန်ရရှိရေး စီစဉ်ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။

ရေမျှော်နေသူများ

ခွေးလေခွေးလွင့်ရှင်းလင်းစေလို

စာတည်းရှင့်-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၂၈)ရပ်ကွက်၊ အောင်ရတနာလမ်းတွင် ခွေးလေခွေးလွင့်များ များပြားလျက်ရှိရာ လမ်းသွားလမ်းလာများ မကြာခဏ ခွေးကိုက်ခံနေရပါသဖြင့် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ခွေးကြောက်သူ

ဘိလိယက်ကစား ငြင်းခုံဆူညံ ပတ်ဝန်းကျင်နားမခံသာ

စာတည်းရှင့်-

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ် (က)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်(၁၅)၊ မြေညီထပ်တွင် ဘိလိယက်ခုံကြီး(၂)ခုံ ဖွင့်လှစ်ထားရာ နေ့စဉ်ညဉ့်နက်သည်အထိ ငြင်းခုံပြောဆိုသံများ ထွက်ပေါ်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ အိပ်ရေးပျက်ကျန်းမာရေး ထိခိုက်နေပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်သူများ

ကာရာအိုကေသီဆိုသံ ပတ်ဝန်းကျင်ဆူညံ

စာတည်းရှင့်-

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီးနှင့် (၁၂)လမ်းထောင့်တွင် ကာရာအိုကေဆိုင်ကို နေ့စဉ်ညနှစ်နာရီခန့်အထိ ဖွင့်လှစ်ထားရာ လာရောက်သီဆို စားသောက်သူများ၏ အော်ဟစ်သီဆိုဆူညံသံများ၊ လမ်းသွားလမ်းလာများအား လှောင်ပြောင်ပြောဆိုမှုများကြောင့် အမျိုးကောင်း သားသမီးများ ဖြတ်သွားဖြတ်လာ မပြုရဲကြပါ။ ထို့အပြင် ၁၀တန်း ဖြေဆိုမည့်သူများ စာကြည့်ချိန်၌ အနှောင့်အယှက် ဖြစ်နေကြရပါ၍ ကြပ်မတ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူတစ်ဦး

သတ်မှတ်ဈေးနေရာတွင်ရောင်းချရေးဆောင်ရွက်ပြီးစီး

၅-၉-၂၀၁၀ရက်နေ့ထုတ်ကြေးမုံသတင်းစာပါ ဖြူးမြို့ အထက(၁)ကျောင်းလမ်းမှ **သတ်မှတ်ဈေးနေရာတွင် ရောင်းချစေချင်** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ရေခဲတင်ယာဉ်များ ရှင်းလင်းပြီးစီး

၂၂-၁-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မြိတ်မြို့၊ နောက်လယ်ရပ်၊ (၆)လမ်းမှ **ရေခဲတင်ယာဉ်များကြောင့် လမ်းပိတ်ဆို့** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

❖ ရှေ့ဖုံးမှ

ဤလမ်းနှင့် ဤခရီးကို ကျွန်တော်သည် ၂၀၁၀ ခုနှစ် ဇူလိုင်လအတွင်း ကင်းသာ-ကိုးကွေ့လမ်း မိုင်၂၀၊ ၃ ဖာလုံ ဖွင့်စဉ်က လိန်းလီအထိရောက်ခဲ့ဖူးသော်လည်း လိန်းလီတံတားကြီး မပြီးသေး၍ ပင်လောင်းသို့ မရောက်ခဲ့ပေ။ ယခုအခေါက်တွင် လိန်းလီတံတားကြီးလည်း ဖွင့်ပြီးဖြစ်၍ တံတားကြီးပေါ်မှ ဖြတ်သန်းပြီး ကျွန်တော်မရောက်ဖူးသေးသည့် တောတောင်အလွန်ထူထပ်သောကြားမှ ရှမ်းပြည်နယ် အစွန်အဖျားအကျဆုံးမြို့ ပင်လောင်းအထိ သွားရမည်ဖြစ်သဖြင့် ဝမ်းသာကြည်နူးမိသည်။

ကင်းသာ-ကိုးကွေ့-လိန်းလီ-ပင်လောင်းကားလမ်းသည် ယခင်က ပျဉ်းမနား-ပင်လောင်းလမ်းအမည်ဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၁၉၆၇ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ၁၂ ပေအကျယ်ရှိသည့် တစ်လမ်းသွား ကတ္တရာလမ်းဖြစ်သော မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်သို့ဆက်သွယ်သည့် အရှေ့နှင့်အနောက် ဖြတ်လမ်းမကြီးဖြစ်ကာ ရန်ကုန်-ပဲခူး-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်(၂၅၁/၄)သစ်တပ်ရွာအနီးမှ စတင်၍အောင်ပန်း-ပင်လောင်း-မိုးပြဲ လွိုင်ကော်လမ်းနှင့် ယင်းမိီကျေးရွာအနီးတွင် ပေါင်းဆုံသွားသည်။ မိုင်အားဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း ၂၂ မိုင် ၆ ဖာလုံတည်ရှိပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ၄၇ မိုင် ၄ ဖာလုံတည်ရှိသဖြင့် စုစုပေါင်း အရှည်မိုင်မှာ မိုင် ၇၀၊ ၂ ဖာလုံရှိသည်။

ပျဉ်းမနား-ပင်လောင်းလမ်းကို မူလသစ်တပ်ရွာအနီးမှ ရန်ကုန်-ပဲခူး-မန္တလေး မိုင်တိုင်(၂၇၀/၄) အနီး ကင်းသာမှပြောင်းလဲဖောက်လုပ်ခဲ့သည်။ ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက အာဆီယံအဆင့် တောင်ပေါ်စံပြလမ်းတစ်လမ်းအဖြစ် ဖောက်လုပ်ခဲ့ပြီး ကင်းသာ-ကိုးကွေ့လမ်း မိုင် ၂၀၊ ၃ ဖာလုံကို ၃-၆-၂၀၁၀ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။

ယခုဆက်လက်၍ ကင်းသာ-ကိုးကွေ့-လိန်းလီ-ပင်လောင်းလမ်း (ကိုးကွေ့-ယင်းမိီ)မူလကတ္တရာလမ်း ၄၆ မိုင်ကို ပြင်ဆင်ထိန်းသိမ်း၍ လမ်းသားအကျယ်ပေ ၅၀ အထိ ချဲ့ခြင်းလုပ်ငန်းကို လမ်းအထူးအဖွဲ့(၁၃)နှင့်အတူ မြန်မာ့အလှကုမ္ပဏီ၊ နဒီရွှေဝါကုမ္ပဏီ၊ ရွှေကဆုန်ကုမ္ပဏီ၊ မြကန်သာကုမ္ပဏီ၊ PACLINK ကုမ္ပဏီ၊ SOIL ENERGY ကုမ္ပဏီတို့က ဆောင်ရွက်နေကြောင်း ကြားသိရ၍ ဂုဏ်ပြုသတင်းဆောင်းပါးရေးရန် သွားရောက်ခဲ့သော ခရီးဖြစ်သည်။

ကျွန်တော်တို့ကားကလေးသည် ကင်းသာမှ တောင်ပေါ်လမ်းအတိုင်း ဆက်လက်မောင်းနှင်ခဲ့ရာ ရေအေးလေး၊ ရေအေးကြီး၊ လုံးထို၊ လက်ဆဲတမာ၊ ဇေင်၊ ကိုးကွေ့တောင်ကျရွာသို့ ရောက်သည်။ ကျွန်တော်တို့သည် တောင်ကျရွာအနီးတွင်ရှိသော နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်း(NAY PYITAW HOTSP-RIAGSPA) သို့ ဝင်ရောက်၍ အပန်းဖြေရင်း ရေချိုးကြသည်။ အဆိုပါရေပူစမ်းသည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၅၀၈ ပေ အမြင့်တွင်ရှိပြီး ဘေးဝဲ၊ ယာတို့တွင် မြင့်မားသော တောင်တန်းကြီးများနှင့် သဘာဝအလှအပများကို တစ်ဝကြီးရှုစားနိုင်သည့် အပန်းဖြေစခန်းဖြစ်သည်။ ရေပူစမ်းတွင် ရေချိုးအပန်းဖြေ နားနေပြီးနောက် ခရီးဆက်လက်ထွက်ခွာခဲ့ရာ ကသောင်း၊ ဖိုးကုန်း၊ လုံးကဲ၊ လိန်းလီသို့ ရောက်သည်။ လိန်းလီတွင် မကြာမီကမှ ဖွင့်လှစ်ပေးခဲ့သည့် မြန်မာပြည်၌ အမြင့်ဆုံးကြိုးတံတားကြီးကို တွေ့ရသည်။ တောင်တန်းကြီးများအသွယ်သွယ်ကြားမှ ခံ့ညားထည်ဝါလှသော ကြိုးတံတားကြီးကိုကြည့်ရသည်မှာ ကြည့်မဝ ရှုမဆုံးဖြစ်နေမိသည်။ တံတားကြီးလွန်တော့ ကျောက်တောင်ကမ်းပါးယံကြီးကို တွေ့ရပြန်သည်။ တကယ့်သဘာဝကျောက်သားတောင်ကြီးဖြစ်သည်။ ထိုကျောက်တောင်ကြီးမှ အဖိုးတန်ဆေးဖက်ဝင် ကျောက်သွေးများ ထွက်သည်ဆို၏။

ပျဉ်းမနား-ပင်လောင်းလမ်းတစ်နေရာကို ဤသို့ တွေ့ရစဉ်။

ကျွန်တော်သည် ကားရှေ့ခန်းမှ လိုက်ပါလာရင်း တောတောင်တို့၏ ကြည်နူးဖွယ်သဘာဝအလှအပများကို ကြည့်ရှုရသဖြင့် ဤဒေသကိုလာရခြင်း၏ မူလအလုပ်တာဝန်များကို မေ့နေ၏။ ထိုစဉ် နန်းပန်းရွာအနီးတွင် ကျောက်တောင်များကို မိုင်းခွဲ လမ်းချဲ့နေသော ဆောက်လုပ်ရေးကုမ္ပဏီများနှင့် ကုန်းစီးရွာအနီးတွင် စက်ယန္တရားကြီးများဖြင့် လမ်းချဲ့နေသော လုပ်ငန်းခွင်များကို လှမ်းမြင်ရတော့မှ မူလသတင်းတာဝန်များကို ပြန်လည်သတိရ၍ ကားရပ်ပြီး လုပ်ငန်းခွင်သတင်းဓာတ်ပုံများကို ဓာတ်ပုံသတင်းထောက် ကျော်မိုးလွင်နှင့်အတူ ရိုက်ကူးကြသည်။ သိလိုသော ပျဉ်းမနား-ပင်လောင်းလမ်းမှ (ကိုးကွေ့-ယင်းမိီ)အပိုင်း၏ သတင်းအချက်အလက်များကို ရယူသည်။

ထို့နောက် လိုချင်သောသတင်းနှင့် သတင်းဓာတ်ပုံများရရှိပြီဖြစ်သဖြင့် ကားပေါ်ပြန်တက်၍ ခရီးဆက်ခဲ့ရာ ညနေ ၆ နာရီကျော်ကျော်တွင် ပင်လောင်းမြို့သို့ ရောက်ရှိသွားပြီး မြေပြန့်သားကျွန်တော့်ကို ပင်လောင်းတွင် တောင်ပေါ် ဆောင်းချမ်းချမ်းက ဆီးကြိုနေသည်။

ပင်လောင်းမြို့နယ်သမိုင်း

ပင်လောင်းမြို့နယ်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်အတွင်းတွင် ပါဝင်၍ တောင်ကြီး-အောင်ပန်း- လွိုင်ကော် ကားလမ်းပေါ်တွင် တည်ရှိသည်။ တောင်ကြီးမြို့မှ ၈၂ မိုင်ကွာဝေးပြီး လတ္တီတွဒ်မျဉ်းအရ မြောက်လတ္တီတွဒ် ၉၇ ဒီဂရီနှင့် ၉၈ ဒီဂရီ အကြားတွင်လည်းကောင်း၊ လောင်ဂျီတွဒ်မျဉ်းအရ အရှေ့လောင်ဂျီတွဒ် ၁၉ ဒီဂရီနှင့် ၂၀ ဒီဂရီအကြားတွင် လည်းကောင်း တည်ရှိပြီး အကျယ်အဝန်းမှာ ဧရိယာစတုရန်းမိုင်ပေါင်း(၉၄၅ ဒသမ ၆၀ မိုင်) ကျယ်ဝန်းကာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၈၀၀ အမြင့်တွင် တည်ရှိသည်။

မြောက်ဘက်တွင် ကလောမြို့နယ်၊ အရှေ့ဘက်တွင် ညောင်ရွှေမြို့နယ်၊ တောင်ဘက်တွင် ဖယ်ခုံမြို့နယ်၊ အနောက်ဘက်တွင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်၊ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ်၊ ရမည်းသင်းမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။

ပျဉ်းမနား-ပင်လောင်းလမ်း အကျယ်ချဲ့ခြင်းလုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် ဤသို့ ဆောင်ရွက်နေစဉ်။

ပင်လောင်းမြို့နယ်တွင် လူဦးရေ စုစုပေါင်း ၈၆၆၉ ဦးရှိပြီး ပအိုဝ်း၊ ရှမ်း၊ ဗမာ၊ ကယား၊ ကရင်၊ တောင်ရိုး၊ ဓနု စသည့် တိုင်းရင်းသားများ နေထိုင်ကြသည်။ မြို့နယ်ဖွဲ့စည်းမှုမှာ မြို့ပေါ် ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၃ အုပ်စုရှိပြီး ကျေးရွာပေါင်း ၂၃၃ ရွာရှိသည်။

လူမျိုးများဝင်ရောက်လာပုံ

ခရစ်သက္ကရာဇ် ၁၀၄၄-၁၇၅၂ ခုနှစ်၊ ပုဂံခေတ်နှင့် တောင်ငူခေတ်များအတွင်းတွင် ယခု ပင်လောင်းမြို့နယ်ဟုခေါ်သော ဒေသ၌ မည်သည့်လူမျိုးမှ အခြေစိုက်နေထိုင်သေးဟန်မရှိပေ။ ထိုစဉ်က ဤဒေသသည် တောတောင်ထူထပ်၍ သားရဲတိရစ္ဆာန်များ ပေါများပြီး အစွန်အဖျားကျသော ဒေသတစ်ခုဖြစ်ပေသည်။ ဤဒေသသို့ ရဏ္ဏထ တိုင်းရင်းသားများ ဖြစ်ကြသည့် ကျိုက်ထို၊ ကျိုက္ခမီနယ်သား ကရင်လူမျိုးများ၊ သထုံနယ်သား ပအိုဝ်းများနှင့် ကွန်ဟူ ရှမ်းအမျိုးအနွယ်များတို့ အဆင့်ဆင့်ရောက်ရှိလာပြီး အခြေစိုက်နေထိုင်ခဲ့ကြသည်။

ပင်လောင်းနယ်ဖြစ်လာရခြင်း

ခရစ်သက္ကရာဇ် ၁၇၆၃-၇၆ခုနှစ် တတိယကုန်းဘောင်မင်းဆက် ဆင်ဖြူရှင်လက်ထက်တွင် ဝမ်ဖာ(ဘန်ဖာ)ရွာမှ မုဆိုးမ၏ သမီးဖြစ်သူ မစိးထား(ခေါ်)နန်းမူး၏ ယာခင်းကို ဆင်ဖြူတစ်စီး ဝင်ရောက်စားသောက်ဖျက်ဆီးသည်။ ရွာသားများအား ဆင်ဖြူကို သွားရောက်ဖမ်းဆီးစေသော်လည်း ဖမ်းမမိသဖြင့် မစိးထား(ခေါ်)နန်းမူးကိုယ်တိုင်သွားရောက်ဖမ်းဆီးမှ ဖမ်းမိသည်။ ဆင်ဖြူကို ဝမ်ဖာ(ဘန်ဖာ)ရွာတွင် မွေးမြူထိန်းကျောင်းထားသည်ကို အင်းဝဘုရင် ဆင်ဖြူရှင်မင်း ကြားသိသောကြောင့် ဆက်သခိုင်းသဖြင့် မစိးထားကိုယ်တိုင်သွားရောက်ဆက်သရသည်။

အင်းဝဘုရင် ဆင်ဖြူရှင်က မစိးထားအား ပင်လောင်းနယ်ဖြစ်လာမည့် အဆိုပါဒေသကို အုပ်ချုပ်ရန်နှင့် အခွန်အတုတ်ကောက်ခံစားသောက်ရန် နယ်နိ

ပျဉ်းမနား-ပင်လောင်း
ပေ ၅၀ အထိချဲ့ထားသည်ကို

ပျဉ်းမနား-ပင်လောင်း ကားလမ်းမှ တောင်ကမ်းပါးယံ ကားလမ်းတစ်လမ်းကို ဤသို့ လှပစွာ တွေ့ခဲ့ရသည်။

☆ ပျဉ်းမနား-ပင်လောင်းလမ်းကို မူလသစ်တပ်ရွာအနီးမှ ရန်ကုန်-ပဲခူး-မန္တလေး မိုင်တိုင်(၂၇၀/၄)အနီး ကင်းသာမှ ပြောင်းလဲဖောက်လုပ်ခဲ့။

☆ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အာဆီယံအဆင့် တောင်ပေါ်စံပြလမ်းတစ်လမ်းအဖြစ် ဖောက်လုပ်ခဲ့ပြီး ကင်းသာ-ကိုးကွေ့လမ်း မိုင် ၂၀၊ ၃ ဖာလုံကို ၃-၆-၂၀၁၀ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့။

☆ ကင်းသာ - ကိုးကွေ့ - လိန်းလီ - ပင်လောင်းလမ်း(ကိုးကွေ့ - ယင်းမိီ) မူလကတ္တရာလမ်း ၄၆ မိုင်ကို ပြင်ဆင်ထိန်းသိမ်း၍ လမ်းသားအကျယ် ပေ ၅၀ အထိချဲ့ခြင်းလုပ်ငန်းကို လမ်းအထူးအဖွဲ့(၁၃)နှင့်အတူ မြန်မာ့အလှကုမ္ပဏီ၊ နဒီရွှေဝါကုမ္ပဏီ၊ ရွှေကဆုန်ကုမ္ပဏီ၊ မြကန်သာကုမ္ပဏီ၊ PACLINK ကုမ္ပဏီ၊ SOIL ENERGY ကုမ္ပဏီတို့က ဆောင်ရွက်နေ။

လမ်း အကျယ်ချဲ့ခြင်းလုပ်ငန်းကို
သို့ ဆောင်ရွက်နေစဉ်။

အင်းဝဘုရင် ဆင်ဖြူရှင်က မစီးထားအား ပင်လောင်းနယ် ဖြစ်လာမည့် အဆိုပါဒေသကို အုပ်ချုပ်ရန်နှင့် အခွန်အတုတ် ကောက်ခံစားသောက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ချီးမြှင့်သည်။ ထိုအချိန်က ဘုရင်နယ် နိမိတ် ပိုင်းခြားသတ်မှတ်၍ ချီးမြှင့်သည့်နယ်နိမိတ်မှာ ယခု ပင်လောင်းမြို့နယ်အပါအဝင် မြောက်ဘက်တွင် လက်ထိပ်တောင်၊ အရှေ့ဘက်တွင် အင်းလေးကန်ဘီလူးချောင်း၊ တောက်ဘက်တွင် ဝါးချောင်း၊ ခုနှစ်)တွင်လလီ(LALUI) ဆိုသူသည် အောင်မြင်စွာ တည်ထောင်ခဲ့သည်ဟု အဆိုရှိသည်။

အပြန်၌ SOIL ENERGY ကုမ္ပဏီက တာဝန်ယူပြီး လမ်းအထူးအဖွဲ့(၁၃)မှ လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်ထွေး ကြီးကြပ်ဆောင်ရွက်နေသော ကျောက်တောင်ကို မိုင်းခွဲ၍ လမ်းချဲ့ခြင်းလုပ်ငန်းကို ဝင်ရောက်ကြည့်ရှု လေ့လာသည်။ ထို့နောက် ကိုးကွေ့လမ်းအထူးအဖွဲ့(၁၃)ရုံး၌တွေ့ရသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးသန်းဆွေ(အဆောက်အအုံ)အား လမ်းနှင့် ပတ်သက်သော အချက်များသိလို၍ မေးကြည့်ရာ ဦးသန်းဆွေက "၎င်းအနေနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးမှ တာဝန်ယူပြုပြင်ထိန်းသိမ်း တိုးချဲ့ဖောက်လုပ်နေသော နေပြည်တော် ကင်းသာ-ကိုးကွေ့-လိန်းလီ-ပင်လောင်း-တုံးဟုံး-ညောင်ရွှေ-ရွှေညောင်-တောင်ကြီးလမ်း အရှည် ၁၆၄ မိုင် ၃ ဖာလုံကို ကြီးကြပ်အင်ဂျင်နီယာချုပ်အဖြစ် တာဝန်ယူထားကြောင်း၊ (ယင်းမှီ)အထိ လမ်းအရှည် ၄၆ မိုင် ရှည်လျားကြောင်း၊ ၎င်းအပိုင်းကို မိမိတို့ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ လမ်းအထူးအဖွဲ့(၁၃)နှင့် ပုဂ္ဂလိကတိုင်းရင်းသားကုမ္ပဏီခြောက်ခုတို့က ခွဲဝေတာဝန်ယူပြီး လမ်းအကျယ် ပေ ၅၀ အထိ တိုးချဲ့ လျက်ရှိကြောင်း၊ ယင်းသို့ လမ်းချဲ့ရာတွင် မြေကြီးတောင်များကို ဖြိုချရသကဲ့သို့ ကျောက်တောင်ကြီးများကိုလည်း ခက်ခက်ခဲခဲ မိုင်းခွဲဖယ်ရှားရကြောင်း။

၎င်းတို့ ဆောင်ရွက်နေသည့် နေပြည်တော်-ပင်လောင်း လမ်းတစ်လျှောက်တွင် ခရီးသွားရင်း အပန်းဖြေရန် အလွန်သာယာလှပသည့် မိုင်တိုင် ၂၀/၃ ၌ ကိုးကွေ့ရေတံခွန်စခန်း၊ မိုင်တိုင် ၂၄/၅ ၌ နေပြည်တော်ရေပူစမ်း၊ မိုင်တိုင်အမှတ် ၄၂/၆၌ မြန်မာနိုင်ငံတွင် အမြင့်ဆုံးလိန်းလီကြိုးတံတားကြီးနှင့်ဘေးဘီဝဲ၊ ယာများတွင် တောင်ပေါ်လက်ဖက်စိုက်ခင်းများ၊ လိမ္မော်ခြံများ၊ ပင်လောင်းမြို့ မရောက်မီ မိုင်တိုင်၆၀/၂ ရှိ နန်းပန်းကျေး



ပျဉ်းမနား-ပင်လောင်း မူလကတ္တရာလမ်းအား မြေသား ပေ ၅၀ အထိချဲ့ထားသည်ကို ဤသို့ တွေ့ခဲ့ရသည်။

ရွာအနီးတွင် တည်ရှိနေသည့် ဆန်းပြားသည့် ကျောက်တောင်ကြီးများရှိကြောင်း" တို့ကို ရှင်းလင်းပြောပြခဲ့ပါသည်။ ။

ယခုအပိုင်းသည် ကိုးကွေ့-လိန်းလီ-ပင်လောင်းလမ်းမှ ကိုးကွေ့-ယင်းမှီ အပိုင်းဖြစ်ကြောင်း၊ မိုင်တိုင် ၂၀/၃(ကိုးကွေ့)မှ မိုင်တိုင် ၆၆/၃

အနောက်ဘက်တွင် ပျဉ်းမနားနယ် အထိ ပါဝင်သည်။

ထို့နောက် ပင်လောင်းကို သက္ကရာဇ် ၁၁၅၆ (ခရစ်နှစ် ၁၇၉၃

ပျဉ်းမနား-ပင်လောင်း ကားလမ်းအား အကျယ်ချဲ့ခြင်းလုပ်ငန်းကို ဤသို့ ဆောင်ရွက်နေစဉ်။

...ပ်ရွာအနီးမှ ရန်ကုန်-ပဲခူး-
...မှ ပြောင်းလဲဖောက်လုပ်ခဲ့။
...ဆောက်လုပ်ရေးလုပ်ငန်းက
...လမ်းအဖြစ် ဖောက်လုပ်ခဲ့ပြီး
...ကို ၃-၆-၂၀၁၀ ရက်နေ့တွင်

...င်းလမ်း(ကိုးကွေ့ - ယင်းမှီ)
...န်းသိမ်း၍ လမ်းသားအကျယ်
...ူးအဖွဲ့(၁၃)နှင့်အတူ မြန်မာ့
...ကုမ္ပဏီ၊ မြကန်သာကုမ္ပဏီ၊
...RGY ကုမ္ပဏီတို့က ဆောင်

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။
- ☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများအား တိုင်းရင်းသားပြည်သူတို့နှင့် အတူ လက်တွဲချေမှုန်းရေး။
- ☆ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေး။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၃-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "အတိတ်ကံစွမ်းကြောင့်ဖြစ်ပေါ်လာပုံ"တရားတော် (ဆရာတော်ဦးယောသိတ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၃၄)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၅၁)**
- ၈း၄၀ ရုက္ခဗေဒကျောင်းသား/သူဟောင်းများ၏အာစရိယပူဇော်ပွဲ
- ၉း၀၀ မွေးရပ်မြေကိုကျေးဇူးပြုတာ မြတ်သောစေတနာ
- ၉း၁၀ ရန်ကုန်မြင်ကွင်းကျယ် (PEP Family Photo Contest 2011)
- ၉း၃၀ Sunday Talk [မျိုးမြတ်သူ၊ ကျော်စိုးဝင်း]
- ၁၀း၀၀ မျှော်လင့်ခြင်းခရီးစဉ် [ဖြစ်ရပ်မှန်(၃)(အူမကြီးနှင့်အစာဟောင်းအိမ်ကင်ဆာ)]
- ၁၀း၂၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (ဂီတရိပ်သာ-၂၈)
- ၁၀း၄၀ ဗီဒီယိုပြခန်း
- ၁၁း၀၀ ဈေးဝယ်လမ်းညွှန် (မကွေးမြို့မှကောင်းမွန်စူပါမားကက်)
- ၁၁း၂၅ Goals of the Week
- ၁၁း၅၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ကြိုးကြာတောင်ပံခတ်သံ"
- ၁၂း၃၀ 2D
- ၁း၀၀ "အတိတ်ကံစွမ်းကြောင့်ဖြစ်ပေါ်လာပုံ"တရားတော် (ဆရာတော်ဦးယောသိတ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (သူငယ်ချင်းယောက်ဖတော်တာကောင်းတယ်၊ သူငယ်ချင်းယောက်ဖမတော်တာကောင်းတယ်)
- ၃း၃၀ Activities In The City (တောက်ပလာမည့် . . . Channel)
- ၃း၄၀ မကွေးကောလိပ်(၁၉၆၄-၁၉၇၆) ခုနှစ်ဘာသာရပ်ပေါင်းစုံ အာစရိယပူဇော်ပွဲ
- ၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၅၁)**
- ၄း၅၅ FMF Selection
- ၅း၃၀ ဂဏန်းသင်္ချာပျော်စရာ(အပိုင်း-၂)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၃၅)**
- ၇း၃၀ သွားမယ်စားမယ် (Main Restaurant)
- ၇း၄၅ စိတ်ကူးအိပ်မက်အနာဂတ်အတွက် YIUS
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Kid's Show (ရွှေပြည်နန်း ကလေးသရုပ်ဆောင်ပြိုင်ပွဲ)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၅၂)**
- ၁၀း၁၀ Talent Show (ကြည်နူးခံစားတူရိယာသံစဉ်များ)
- ၁၀း၂၅ Barclays Premier League (Wolverhampton Vs Tottenham)
- ၁၂း၂၅ ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
- ၁၂း၃၅ ဟိုတယ်လမ်းညွှန် (Rupar Mandalar)
- ၁း၀၀ အလျော်အစား (ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၁း၁၀ လှပချစ်စရာလက်မှုအနုပညာ (Sweet Pink)
- ၁း၃၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ(ကျောက်ငါးသုတေသနသားဖောက်လုပ်ငန်း)
- ၁း၅၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (စာရေးဆရာနီကိုရဲ)
- ၂း၂၅ ဗန်းမော်မြို့မှ လှိုက်လှဲစွာကြိုဆိုပါ၏ . . .
- ၂း၅၀ အလှဆင်ပူဇော်ဘုရားမီးရောင်ခြည်တော်
- ၃း၁၅ ငြိမ့်ညောင်းသာယာတယောပညာ (တယောဦးတင်ရီ)
- ၃း၃၅ မြင့်မြတ်စိတ်ထား Aiki-KEN အားကစား
- ၄း၀၅ ရွှေမင်းသား(သို့)နှလုံးသားထက်မြက်သူ
- ၄း၂၅ စကားဝါမြေမှပွဲတော်တစ်ခု
- ၄း၃၅ တောင်တန်းပေါ် က စိန်တလုံး
- ၄း၄၅ ဖူးစို့ဘုရားစုံမြို့ဖျာပုံ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၇း၅၅	Liverpool	-	Man U	ESPN (Live)
၁၀း၂၅	Wolverhampton	-	Tottenham	ESPN (Live)

လယ်ယာစီးပွား ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု မြန်မာ CP OPEN တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

Safe Food Good Taste

ရန်ကုန် မတ် ၅

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ Myanmar CP Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာ CP OPEN တင်းနစ်ပြိုင်ပွဲကို မတ် ၂၀ ရက်မှ ၂၆ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူ တင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင်ပြိုင်ပွဲအမျိုးအစားများအဖြစ် အမျိုးသားအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား-အမျိုးသမီးနှစ်ယောက်တွဲ (Mixed Doubles) ပြိုင်ပွဲ၊ အမျိုးသား-အမျိုးသမီး အသက်(၁၂)နှစ်နှင့်အောက် တစ်ဦးချင်း ပြိုင်ပွဲ၊ အမျိုးသား-အမျိုးသမီး အသက် (၁၄)နှစ်နှင့်အောက် တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား-အမျိုးသမီး အသက်(၁၆)နှစ်နှင့်အောက် တစ်ဦးချင်းပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။

အသင်းလိုက်ပြိုင်ပွဲအတွက် ပြိုင်ပွဲစည်းကမ်းများမှာ တစ်သင်းလျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ရှိ ကစားသမား နှစ်ဦးတည်းသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီးအသက်(၄၅)နှစ်အထက် မြန်မာ့လက်ရွေးစင်ကစားသမား တစ်ဦးလည်း ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားသည့်အပြင် အသက်(၆၀)နှင့်အထက် ကစားသမား ကန့်သတ်ချက်မရှိ ယှဉ်ပြိုင်ခွင့်ပြုထားသည်။စားသောက်ရေးအစီအစဉ်ကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ကတာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် ကလပ်အသင်းများ၊ သက်တမ်းအလိုက် လူငယ်များသည် မတ် ၁၉ ရက် နံနက် ၁၀ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်သို့ အမည်စာရင်းများ ပေးသွင်းရမည်ဖြစ်သည်။ပြိုင်ပွဲနှင့်စပ်လျဉ်း၍ဖုန်း-၃၇၂၃၆၀၊ ၃၈၁၉၉၁နှင့် ၃၈၁၉၉၂၊ လိုင်းခွဲ-၀သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Shine သွားတိုက်ဆေး သုံးစွဲသူများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် တတိယဆုကံထူးရှင် ရွေးချယ်

ရန်ကုန် မတ် ၅

Shine သွားတိုက်ဆေးက သုံးစွဲသူများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် တတိယဆု (ငွေကျပ် သိန်း-၃၀)နှင့် အခြားဆုမဲများ ကံထူးရှင်ရွေးချယ်ပွဲ အခမ်းအနားကို မတ် ၂ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် ဒဂုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာကြသည့် စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများက မော်တော်ဆိုင်ကယ်သုံးဆု၊ ကွန်ပျူတာလက်တော့ပ်လေးဆု၊ ၂၄လက်မ LCD တီဗွီသုံးဆု၊ အဝတ်လျှော်စက်နှစ်ဆု၊ ဖုန်းဟမ်းဆက်တစ်ဆု၊ ကင်မရာသုံးဆု၊ ရေအေးစက်တစ်ဆု၊ ထမင်းပေါင်းအိုးငါးဆု၊ လျှပ်စစ်ဟင်းချက်အိုးလေးဆု၊ လျှပ်စစ်ရေနွေးကရားလေးဆု၊ EVD စက်ခုနစ်ဆု၊ အခြားဆုမဲများနှင့် တတိယဆု(ငွေကျပ်သိန်း-၃၀)ကံထူးရှင်တစ်ဦးတို့အား မဲနှိုက်ရွေးချယ်ပေးကြရာ တတိယဆု(ငွေကျပ်သိန်း-၃၀) ကံထူးရှင်အမှတ်မှာ ၀၅၃၅၇၇၃ဖြစ်သည်။

Shine သွားတိုက်ဆေးမှ ဒုတိယဆု ငွေကျပ်သိန်း ၅၀ နှင့် အခြားဆုမဲများကို မေလဆန်းတွင် လည်းကောင်း၊ ပထမဆု ရွှေ ၁၀ ကျပ်သားနှင့် အခြားဆုမဲများကို ဇူလိုင်လဆန်းတွင် လည်းကောင်း မဲနှိုက်၍ ကံထူးရှင်ရွေးချယ်မည့်အပြင် အထူးဆုအနေဖြင့် ကိုရီးယားခရီးစဉ်အတွက် ကံထူးရှင်ကိုလည်း ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရှင်းလင်းပေးနိုင်

Shine သွားတိုက်ဆေးမှ သွားနှင့်သွားဖုံးများ ဆွေးမြည့်ယိုယွင်းမှုနှင့် သွားပိုးစားခြင်းမှ ကာကွယ်ပေးပြီး သွားများကို ဖြူဖွေးသန့်ရှင်းစေသည့် Cavity Protection သွားတိုက်ဆေး၊ ဥရောပမှ ဆေးဖက်ဝင် သစ်ပင်တစ်မျိုးဖြစ်သည့် Herb (Sage Leaf) မှ ပြုလုပ်ထားပြီး သွားနှင့်သွားဖုံး ရောဂါဖြစ်စေတတ်သည့် ဗက်တီးရီးယားပိုးမွှားများကို အထိရောက်ဆုံး ဖယ်ရှားရှင်းလင်းပေးနိုင်သည်။

ထို့ပြင် လက်ကိုင်ကို ချော်ထွက်မှုမရှိစေဘဲ မိမိရရ ကိုင်တွယ်အသုံးပြုနိုင်စေရန် မျဉ်းကြောင်းသဏ္ဌာန် (Anti Slip Grip) ဖြင့် ပြုလုပ်ထားကာ လုံလောက်သော အရှည်ရှိခြင်းကြောင့် အသုံးပြုရာတွင် ပေါ့ပါးသွက်လက် လွယ်ကူစေသည့် Shine Toothbrush (Classic) သွားတိုက်တံ၊ ပုံမှန်သွားတိုက်တံတို့ထက် ဦးခေါင်းပိုင်းပိုမိုသေးငယ်သည့်အတွက်ကြောင့် ရောက်ရှိရန်ခက်ခဲသည့် ခံတွင်းအတွင်းပိုင်းမှ စားကြွင်းစားကျန်များကို လွယ်ကူစွာဖယ်ရှားရှင်းလင်းပေးနိုင်ပြီး လက်ကိုင်ကိုလည်း အထူးစီမံပြုလုပ်ထားခြင်းကြောင့် မိမိရရ ကိုင်တွယ်အသုံးပြုနိုင်ကာ သွားနှင့်သွားဖုံးရောဂါများကို ကြိုတင်ကာကွယ်ပေးနိုင်မည့် Shine Toothbrush (Deep Reach) သွားတိုက်တံ စသည့် သွားတိုက်တံအမျိုးအစားနှစ်မျိုးတို့ကို ထုတ်လုပ်ဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၁၀)ထွက်ရှိ

ရန်ကုန် မတ် ၅

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇) အမှတ်(၁၀)၌ ငါးသိန်းတန်ဖုန်းများ တစ်နိုင်ငံလုံး ချပေးတော့မည်၊ တန်ပိုးရှောင်သော ကုန်တင်ယာဉ်များအား အရေးယူပြီ၊ စစ်တွေရေနက်ဆိပ်ကမ်းစီမံကိန်းဖော်ဆောင်ရန် တရုတ်နိုင်ငံမှ ကမ္ဘာ့တတိယအကြီးဆုံး သောင်တူးရေယာဉ်ကြီးလာရောက်မည်၊ စည်းကမ်းမဲ့ဆိုင်ကယ်များ ဒဏ်ငွေကျပ် နှစ်သိန်းပေးပြီး ပြန်လည်ထုတ်ယူနိုင်၊ အလောင်းတော်ကဿပလိုဏ်ဂူ ကျောက်တံခါးဝ တပို့တွဲလပြည့်နေ့တွင် သုံးကြိမ်ပွင့်ခဲ့၊ မြန်မာ့သမီးငယ်လေး ကမ္ဘာ့ခြေချောင်းလက်ချောင်း အများဆုံးပိုင်ရှင်ဖြစ်တော့မည်၊ ကြေးကွင်းများနှင့် ရိုးရာအလှပိုင်ရှင်များ၊ အမှိုက်ထိန်းချုပ်ဖို့ အချိန်တန်ပြီ၊ လူ့အဖွဲ့အစည်းနှင့် ကိုယ်ချင်းစာတရား၊ ကြ္လာသာနှင့်မစ္ဆရိယတို့၏ အခြားတစ်ဖက်မှာ၊ ဥပဒေကြမ်းမှ ဥပဒေသို့ အပြောနှင့်အလုပ်စသည့်ဖတ်စရာ၊ မှတ်စရာသတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

"ဥရောပဟာအိပ်မက်ဆိုးတွေ မက်နေရတဲ့ ဘဝမျိုးမှာရှိမနေပါဘူး" စီးပွားရေးပညာရှင် ဂျက်အတ်တာလီနှင့် The Straits Times မဂ္ဂဇင်းတို့ တွေ့ဆုံခြင်း၊ "အစ္စရေးနှင့် အာရပ်ကမ္ဘာအပြောင်းအလဲ" နိုင်ငံတကာ သတင်းဆောင်းပါးနှင့်အတူ အရှေ့တောင်အာရှ၏ သဘာဝသစ်တောများ ပြုန်းတီးနေမှုမှ ကယ်ဆယ်ရေး အခက်အခဲကြုံတွေ့နေ၊ ဆင္ဒမမြောက်မျိုးဆက်မွေးဖွားပေးမယ့် အသက်(၁၄)နှစ်အရွယ် မိခင်ငယ်၊ လူနို့ရည်ဖြင့်လုပ်သော ရေခဲမုန့် မရောင်းရ၊ အတွင်းခံဘောင်းဘီထဲမှုးယစ်ဆေးဝါးခိုးသယ်သော ဖိလစ်ပိုင်လွှတ်တော်အမတ် ထောင်ဒဏ်ချမှတ်ခံရ၊ အိန္ဒိယတွင် မသန့်ရှင်းသောအကြောဆေးသွင်းရာမှကိုယ်ဝန်ဆောင်အမျိုးသမီး ၁၂ဦးသေဆုံး၊ ကမ္ဘာ့ဘဏ်အသစ် တရုတ်ဖြစ်လာမည်လား၊ အလုပ်တွင် စိတ်ဖိစီးမှုခံစားနေရသူများ နေ့လယ်ခင်းမှာ တစ်ရေးအိပ်၊ချစ်သူစုံတွဲများ မိန်းကလေးက ပိုချောနေရင် သတိသာထား စသည့်နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ပဲခူးမြို့ သင်တန်းဖွင့်ပွဲနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

ပဲခူး မတ် ၅

ပဲခူးမြို့ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း အခြေခံယာဉ်မောင်းသင်တန်း (အချိန်ပိုင်း) အမှတ်စဉ် (၁/၂၀၁၁) IP star တပ်ဆင်ခြင်းအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၁)သင်တန်းဖွင့်ပွဲနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၈ နာရီက ပဲခူးမြို့ အော်တိုအိတ်ချိန်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီးမန်နေဂျာ ဦးစောထူးသာက အဖွင့် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** ယင်းနောက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးသောင်းလွင်က ယာဉ်မောင်း သင်တန်းနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တိုင်းပြည်သူ့ရဲတပ်ဖွဲ့ မှူးရုံး ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းညွန့်နှင့် ရဲအုပ်ခင်မောင်လွင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကိုလည်းကောင်း ပရိုဂျက်တာဖြင့် အကျယ်တဝင့် ရှင်းလင်းပြသဟောပြောခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

အလယ်ပိုင်းဒေသများ နေ့အပူချိန်တိုးလာမည်

နေပြည်တော် မတ် ၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။**နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ပူတာအိုမြို့နှင့် မြိတ်မြို့တွင် သုည ဒသမ ၀၈ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မတ် ၆ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာဖွယ်ရှိသည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြောက်ဥက္ကလာ အမက(၈) မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၅

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမက(၈)ကျောင်းသားဟောင်းများ၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၇ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်း ငမိုးရိပ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေများလှူဒါန်းလိုပါက အမက(၈)ဖုန်း-၀၉-၇၃၀၁၀၅၁၅၊ ဥက္ကဋ္ဌ ဦးကြည်ဦးသိန်း ဖုန်း-၀၉-၇၃၁၀၆၄၂၆၊ အတွင်းရေးမှူး ဒေါ်သိန်းသိန်းရီ ဖုန်း-၀၉-၇၃၀၄၆၄၄၃နှင့် ဘဏ္ဍာရေးမှူး ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၀၉၈၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

လောင်းကစားဆန်စွာ ပြောဆိုမှုကြောင့် ဖာဂူဆန် ပွဲအချို့ ပိတ်ပင်ခံရဖွယ်ရှိ

မန်ချက်စတာ မတ် ၅

မန်ယူနည်းပြ ဖာဂူဆန်သည် ချယ်လ်ဆီးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲတွင် ဒိုင်လူကြီး မာတင်အက်ကင်ဆန်ကို ပြစ်တင်ဝေဖန်စကားဆိုခဲ့သည်။ ထိုပြစ်တင်ဝေဖန်မှုကို အရေးယူပေးပါရန် စွဲချက်တင်ခဲ့သည်ကို ဖာဂူဆန်က ပယ်ချကာ စွဲချက်လုံးဝမတင်သင့်ကြောင်း ပြန်လည် စိန်ခေါ်၍ လောင်းကစားဆန်ဆန် ပြောဆိုခဲ့သည်။

ဖာဂူဆန်က ယခုကိစ္စနှင့်ပတ်သက်၍ စွဲချက်မတင်သင့်ကြောင်း အယူခံဝင် စိန်ခေါ်ခဲ့ခြင်းကြောင့် နှစ်ပွဲပယ်ပြစ်ဒဏ် ကျခံရဖွယ်ရှိနေသည်။ ဖာဂူဆန်အနေဖြင့် ၂၀၀၉ ခုနှစ် နိုဝင်ဘာလကလည်း ဒိုင်လူကြီး အလန်ဝီလေကို ဝေဖန်ခဲ့ခြင်းကြောင့် လေးပွဲပယ်ပြစ်ဒဏ်ချမှတ်ခြင်းခံရကာ ယင်းအထဲမှ နှစ်ပွဲကိုဆိုင်းငံ့ထားသည်။ ထို့ကြောင့် ယခုအဖြစ်အပျက်တွင် ၎င်းအနေဖြင့် နှစ်ပွဲပယ်ပြစ်ဒဏ် ထိမည်ဆိုပါက ယခင်ပြစ်ဒဏ်နှင့် ပေါင်းကာ စုစုပေါင်း လေးပွဲဖြစ်သွားမည် ဖြစ်သည်။

အင်တာနက်။

ဟန်သစ်

ရှစ်ကြိမ်၊ မာတင်အိုနေးလ်က ခုနစ်ကြိမ်၊ ဘော်ဘီရော့ဘ်ဆင်နှင့်ဟယ်ရီရက်နက်ပ်တို့က ခြောက်ကြိမ်စီနှင့် ရာဖေးလ်ဘင်နီတက်ဇ်နှင့် ကီဗင်ကီဂန်းတို့က ငါးကြိမ်စီ အသီးသီးရရှိထားကြသည်။

အင်တာနက်။

ဘာကလေပရီမီယာလိဂ်၏ ဖေဖော်ဝါရီလ အကောင်းဆုံးဆု အာစင်ဝင်းဂါးနှင့် စကော့ပါကာတို့ရရှိ

လန်ဒန် မတ် ၅

ဘာကလေပရီမီယာလိဂ်၏ဖေဖော်ဝါရီလအတွက် အကောင်းဆုံးနည်းပြဆုကို အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးနှင့် ဝက်စ်ဟမ်း ကွင်းလယ်ကစားသမား စကော့ပါကာတို့ ရရှိသွားကြသည်။

အာဆင်နယ်နည်းပြအာစင်ဝင်းဂါးသည် အသင်းအား ဖေဖော်ဝါရီလအတွင်း ရှုံးပွဲမရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ အသက် (၆၁)နှစ်ရှိ အာစင်ဝင်းဂါးသည် ဤဆုကို (၁၁)ကြိမ်မြောက် ရရှိခြင်းဖြစ်သည်။တစ်လတာအကောင်းဆုံးမန်နေဂျာဆုကို အများဆုံးရရှိထားသူမှာ မန်ယူနည်းပြ ဖာဂူဆန်ဖြစ်ပြီး (၂၅)ကြိမ်တိတိ ရရှိထားသည်။ ၎င်း၏နောက်တွင် အာစင်ဝင်းဂါးက (၁၁)ကြိမ်၊ ဒေးဗစ်မိုရေးစ်က

ပရီမီယာလိဂ်ပွဲစဉ် (၂၉) ရလဒ်များ

ဘာမင်ဂမ်	၁-၃	ဝက်စ်ဘရွန်း
အာဆင်နယ်	၀-၀	ဆန်းဒါးလန်း
ဘော်လ်တန်	၃-၂	ဗီလာ
ဖူလ်ဟမ်	၃-၂	ဘလက်ဘန်း
နယူးကာဆယ်	၁-၂	အဲဗာတန်
ဝက်စ်ဟမ်း	၃-၀	စတုတ်စီးတီး

အင်တာနက်။

မီးဖိုသုံးလျှင်

(က) သုံးစွဲပြီးပါက မီးကြွင်းမီးကျန် မရှိပါစေနှင့်။
(ခ) မီးဖိုအနီးမှာ လူစောင့်အမြဲထားပါ။
(ဂ) မီးဖိုအနီး လောင်စာဆီ မထားပါနှင့်။
(ဃ) အိုမင်းမစွမ်းသူများနှင့် ကလေးသူငယ်များကို မီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်း များ မပြုလုပ်ခိုင်းပါနှင့်။
(င) သုံးစွဲပြီးလျှင် မီးကြွင်းမီးကျန်မရှိအောင် စနစ်တကျ စစ်ဆေးပါ။
(စ) အခါအားလျော်စွာ သတ်မှတ်ထားသည့် မီးသုံးစွဲချိန်များကို လိုက်နာပါ။
(ဆ) မီးဖိုဘေးတွင် လုံလောက်သော အကာအရံထားရှိပြီး၊ သဲပုံး၊ ရေပုံးများထားပါ။

မီးသတ်ဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

(က) ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၉၊ ဝါးတစ်ရာ စက်မှုဇုန်၊ မြေကွက်အမှတ်-$\frac{1.C}{A}$၊ ဧရိယာစတုရန်းပေ(၈၇၂၀၀)၊ ဧက-၂. ၀၀၁ ဧကရှိ ဦးစိုးရ နိုင်ငံသားအမှတ်[၁၄/ဝခမ(နိုင်)၁၄၁၅၁၉]ကိုင်ဆောင်သူ အမည်ပေါက် (ပါမစ်မြေ)မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(ခ) ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၉၊ ဝါးတစ်ရာစက်မှုဇုန်၊ မြေကွက်အမှတ်- $\frac{1.C}{B}$ ၊ ဧရိယာစတုရန်းပေ(၁၉၄၄၄၄)၊ ဧက ၄. ၄၆၃ ဧကရှိ ဒေါ်နန်းဝိုးဟွမ် နိုင်ငံသားအမှတ်[၁၃/ကတန(နိုင်)၀၂၀၇၆၇]၊ ဦးကြည်သိန်း နိုင်ငံသားအမှတ်[၁၂/ကမရ(နိုင်)၀၄၂၉၇၀] ကိုင်ဆောင်သူ အမည်ပေါက် (ပါမစ်မြေ)မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

အထက်ဖော်ပြပါ မြေကွက်နှစ်ကွက်အား ကျွန်ုပ်တို့၏မိတ်ဆွေက အထက်ပါ အမည်ပေါက် တရားဝင်ရောင်းချပိုင်ခွင့်ရှိသူများထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ပစ္စည်းတန်ဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်း မူရင်းများနှင့်အတူ ဤကြေညာချက်ပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဟသ်ာတဦးခင်ဇော် 　　　 **ဒေါ်ခင်ချစ်ချစ်ဇော်**
LL.B,D.B.L,D.L.P 　　　 **LL.B,D.B.L,D.I.L,D.L.P**
WIPO(Switzerland) 　　　 **WIPO(Switzerland)**
တရားရုံးချုပ်ရှေ့နေ(စဉ်-၄၂၅၃) 　　　 **အထက်တန်းရှေ့နေ(စဉ်-၂၆၃၈၁)**
အမှတ်(၅၈)၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၇၁၇၊ ၀၉၄၉-၂၄၅၁၀၂၊ ၀၉၄၉-၃၁၂၆၁၁

ဒုတိယအကြိမ် လှူဒါန်း

ရန်ကုန်မြို့ လှိုင်မြို့နယ် ကုမ္ပဏီ ဥက္ကဋ္ဌ ဦးအေးကိုနှင့်ဇနီး ဒေါ်နုနုခင်မိသားစုအား အမှူးထား၍ မြန်မာကိုင်ဒိုကုမ္ပဏီမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကင်ဆာရောဂါကု ဓာတ်ရောင်ခြည်စက် ပြုပြင်ရန် ဒုတိယအကြိမ်လှူဒါန်းငွေကျပ် ၁၀၂၃၀၅၀၀ ကို ပေးအပ်လှူဒါန်းရာ ဓာတ်ရောင်ခြည်ဌာနမှူး ပါမောက္ခ ဒေါက်တာစိုးဦးမောင်နှင့် ဆေးရုံအုပ်ကြီး ဒေါ်နုနုသာတို့ လက်ခံယူစဉ်။ (ကြေးမုံ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ Yankin Palm Village အိမ်ရာ၊ တိုက်အမှတ်(၃၇)၊ အခန်းအမှတ်(၀၂)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးထွန်းနိုင်ဝင်း[၂/လကန(နိုင်)၀၄၄၆၃၀] ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးကျော်လင်း[၁၂/ဗဟန(နိုင်)၀၈၄၀၅၂] က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မြေညီတိုက်ခန်းငှားမည်

(ပွဲစားမလိုပါ)

ဖုန်း-၀၁-၂၂၀၄၁၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ Yankin Palm Village အိမ်ရာ၊တိုက်အမှတ်(၂၂)၊ အခန်းအမှတ်(၅၄)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းဇော် [၁၂/ဒဂမ(နိုင်)၀၀၅၅၆၂]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်မို့မို့သိန်း[၁၂/ကမရ(နိုင်)၀၂၈၆၄၅]က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

လယ်ယာစပါး
ပြည့်အားထား
တားဆီးကာကွယ်
မီးရန်စွယ်

ရောင်းရန်ကြော်ငြာ
တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း(၆၆)
ရန်ကုန်တိုင်းဒေသကြီးတရားရုံး တွဲဖက်တိုင်းတရားသူကြီး(၆)
၂၀၀၈-ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၂၄

ဦးဟန်စိန် 　　 နှင့် 　　 ၁။ ဒေါ်သန်းရှု
　　　　　　　　 ၂။ ဦးဟန်စွန်
　　　　　　　　 ၃။ ဦးဟန်ဆွေ
　　　　　　　　 ၄။ ဒေါ်ရှုယဉ်
တရားနိုင် 　　　　　 **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီးတရားရုံးတွဲဖက်တိုင်းတရားသူကြီး(၆) ၂၀၀၅-ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၃၂၃ တွင် ချမှတ်သော ဒီကရီအရ တရားနိုင်က (၅)ပုံ(၁)ပုံ ရယူရန် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၅ ရက် နံနက် ၁၀ နာရီတွင် ပစ္စည်းတည်နေရာ နေရာအရပ်၌ လေလံတင်၍ ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်လိုသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ကျပ် ၁၀၀ိ/- လျှင် ၂၅ိ/- လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင် ရောင်းချလိမ့်မည်။
၅။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်သည့်နေ့တွင် တရားရုံးသို့ အပြေအကျေ ပေးသွင်းရမည့်(၁၅) ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။
၆။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင် ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၁ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

တင်နွယ်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းဒေသကြီးတရားရုံး

မရွှေ့မပြောင်းနိုင်သော ပစ္စည်းစာရင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄/အီး၁၊ မြေကွက်အမှတ်-၇၆၊ အလျား×အနံ $\frac{၄၃'}{၄၃'\ ၃''}$ × ၃၈'မြေကွက်အမှတ်-၇၇ အလျား×အနံ ၄၃'× $\frac{၃၈'}{၃၇'\ ၆''}$ ဂရန်မြေကွက် ၂ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၇လမ်း၊ အမှတ် ၃၈/၄၀ ခေါ်တွင်သော နှစ်ထပ်တိုက်နှင့် ဂိုဒေါင်(၁)လုံး၊ အခြားဂိုဒေါင်(၁)လုံး၏ ပျက်စီးသွားသော သစ်သားများ၊ သွပ်ပြားအပျက်အစီးများ။

အချင်းဖြစ်မြေနှင့်အိမ်တွင် တရားရှုံးများ လက်ရှိနေထိုင်လျက်ရှိပြီး တရားရှုံးအမှတ်(၁) ဒေါ်သန်းရှု၏ ဂရန်အမည်ပေါက်သည်။

ကြမ်းခင်းဈေး- သိန်း ၃၅၀၀ိ/-

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅၃ လမ်း၊ အမှတ်(၅၀)ဟုခေါ်တွင်သော ပုဇွန်တောင်တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂျေ-၂)နှင့် ဒုတိယတန်းစား မြေအမျိုးအစား(၁၀-အေ)၊ အလျား (၅၈ပေ×အနံ ၂၅ ပေ)ရှိမြေနှင့် မြေပေါ်ရှိ (၂)ထပ်အဆောက်အအုံနှင့် အကျိုးခံစားခွင့်များကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးလေးမောင်၊ ဦးညွန့်ရွှေတို့ထံမှ ကျွန်ုပ်တို့၏ အမှုသည်က ဝယ်ယူရန် စရန်ငွေအချို့အဝက် ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ယနေ့မှစ၍ ၇ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းရက်ကျော်လွန်ပါက ဆက်လက်၍ အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြိုင်သန်းဦး(LL.B) 　　　 **ဒေါ်တေဇာလွင်(LL.B)**
တရားရုံးချုပ်ရှေ့နေ 　　　 **အထက်တန်းရှေ့နေ**
အမှတ်စဉ်-၃၇၇၂ 　　　 **အမှတ်စဉ်-၃၅၇၈၀**
အခန်းအမှတ်(၃၀၆)၊ အမှတ် ၉/၁၁၊ (၃၆)လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၂၉၉၄၃၇၊ ၀၉၈၀၃၂၄၆၈၊ ၇၀၈၄၄၆

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်အေးအေး(ခ)ဒေါ်အေးငွေ(စစ်ကိုင်း)အသက်(၉၀)

ပါမောက္ခ ဒုတိယပိုလ်မှူးကြီးကျော်စိုးထွန်း(အမှတ်-၂၊ တပ်မတော်ဆေးရုံ)၊ ဒေါက်တာကြည်ကြည်စန်းတို့၏မိခင် ဒေါ်အေးအေး(ခ)ဒေါ်အေးငွေ(စစ်ကိုင်း) အသက်(၉၀)သည် ၂-၃-၂၀၁၁ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးခင်မောင်ထွေး
ဦးဇော်ထွန်းဦး
ဦးအောင်သန်း
ဦးမိုးနိုင်

မုဒုံမြို့ အထက(၁) သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲတွင် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် မြတ်ဆရာပူဇော်ပွဲရန်ပုံငွေပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၅၀နှင့် အထက(၁) မုဒုံကျောင်း အထွေထွေပြုပြင်ရန်အတွက် အလှူငွေကျပ် ၂၅ သိန်းတို့ကို အလှူရှင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်ရပ်ကွက် မဟာဇေယျလမ်းနေ ကျောင်းသားဟောင်း ဦးဖေလှိုင်-ဒေါ်ဌေးခင်(ဆေးဖားရှိုင်းဆေးဝါးထုတ်လုပ်ရေး S.S.I) မိသားစုက ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးလှဝင်း လက်ခံစဉ်။ (သတင်းစဉ်)

AEC College က ပညာရေးဆွေးနွေးပွဲ ပြုလုပ်မည်

ရန်ကုန် မတ် ၅

စင်ကာပူနိုင်ငံရှိ AEC College က ၂၀၁၁ ခုနှစ် ကျောင်းဖွင့်ချိန်အတွက် ပညာရေးဆွေးနွေးပွဲကို မတ် ၁၁ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်း မြေနီကုန်း ခနလှိုင်တာဝါ အခန်းအမှတ်(၆၀၁) (၆)လွှာရှိ Oversea Education Service Center-OESC Seminar Room ၌ ပြုလုပ်သွားမည် ဖြစ်သည်။

အဆိုပါ ပညာရေးဆွေးနွေးပွဲတွင် AEC College မှ တာဝန်ရှိသူများကိုယ်တိုင် AEC College ၌ တက်ရောက်သင်ကြားနိုင်သော ACCA, Diploma in Interactive Midea, Foundation Diploma in English , GCE O Level , Business, Retail Management MBA (University of Wales) စသည့် ဘာသာရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဟောပြောသွားမည်ဖြစ်သည်။

AEC College သည် SQCPEO နှင့် Edu Trust လေးနှစ်ရထားသော ကျောင်းဖြစ်ပြီး ပြည်တွင်းပြည်ပ ကျောင်းသားပေါင်း ၁၆၀၀၀ ကျော်ကို နှစ်ပေါင်း ၂၀ အတွင်း မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။

AEC College ၌ ၂၀၁၁ ခုနှစ်အတွင်း အနီးဆုံးတက်ရောက်နိုင်သော ကျောင်းဝင်ခွင့်များနှင့် ဘာသာရပ်များ၊ ရနိုင်မည့် အလုပ်အကိုင် အခွင့်အလမ်းများ၊ ကျောင်းဝင်ခွင့်သတ်မှတ်ချက်များ၊ AEC College၌ တက်ရောက်နေသော မြန်မာကျောင်းသား၊ ကျောင်းသူများအကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ပြီး အဆိုပါ ဆွေးနွေးပွဲနေ့တွင် ပထမဆုံးကျောင်းအပ်သူ ငါးဦးအား အထူး Discount များ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် Oversea Education Service Center ဖုန်း- ၅၁၉၀၉၂၊ ၇၃၀၉၄၀၆၀နှင့် ၀၉-၅၀၈၆၈၁၉ တို့သို့ ကြိုတင်စာရင်းပေးသွင်း၍ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ရေနစ်မြုပ်သည့်ဒဏ်နှင့် မိုးခေါင်သည့်ဒဏ်ကို ခံနိုင်ရည်ရှိသော စပါးမျိုးဗီဇတစ်ခုတွေ့ရှိ

ရေးဗားဆိုဒ်(ကာလီဖိုးနီးယား) 　 မတ် 　 ၅

ရေကြီးနစ်မြုပ်သည့်ဒဏ်နှင့် မိုးခေါင်ရေရှားသည့်ဒဏ်တို့ကို ခံနိုင်ရည်ရှိသော Sub 1A ဟု အမည်ပေးထားသည့် စပါးမျိုးဗီဇတစ်ခုကို သုတေသီများက ရှာဖွေတွေ့ရှိထားကြောင်း အင်တာနက်သတင်းတစ်ခုတွင် ဖော်ပြထားသည်။

ဆန်စပါးသည် ကမ္ဘာ့လူဦးရေ သုံးဘီလီယံအတွက် အဓိက အစားအစာတစ်ခုဖြစ်ပြီး ကမ္ဘာ့ဆန်စပါးစိုက်ပျိုးမှု ၂၅ ရာခိုင်နှုန်းကျော်တို့မှာ မိုးလေဝသအခြေအနေများ ပြင်းထန်ဖောက်ပြန်တတ်သည့်ဒေသများ၌ စိုက်ပျိုးနေကြရခြင်းဖြစ်သည်။

အဆိုပါစပါးမျိုးတွင် ရေနစ်မြုပ်မှုကို ခံနိုင်ရည်ရှိမှုက မိုးခေါင်ခြောက်သွေ့ဒဏ်ခံနိုင်ရည်ရှိမှုကို လျော့မကျစေခဲ့ကြောင်း၊ ထို့အပြင် မိုးနည်းခြောက်သွေ့မှုနှင့် ကြုံတွေ့ရသည့်အခါ ပိုမို၍ဖြစ်ထွန်းလာသည့်လက္ခဏာများ ပေါ်ထွက်လာကြောင်း ကာလီဖိုးနီးယား ရေးဗားဆိုဒ်တက္ကသိုလ် ရုက္ခဗေဒနှင့် အပင်ဆိုင်ရာ သိပ္ပံဌာနမှ သုတေသနအဖွဲ့ခေါင်းဆောင် စာတမ်းရှင် ပါမောက္ခ ဂျူလီယာဘိုင်လေးဆာရက်စ်က ပြောကြားသည်။

သုတေသနပြုမှု၏ နောက်တစ်ဆင့်တွင် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသန အင်စတီကျု (အိုင်အာရ်အာရ်အိုင်)မှ သိပ္ပံပညာရှင်များပါ ပါဝင်မည်ဖြစ်ပြီး Sub 1A မျိုးဗီဇပါဝင်သည့် စပါးအမျိုးအစားများကို စမ်းသပ်ကွင်းများတွင် စိုက်ပျိုးကာ သဘာဝရာသီဥတု အခြေအနေတွင်ဖြစ်ပေါ်လာမည့် အနေအထားများကို လေ့လာကြည့်ရှုကြမည်ဖြစ်ကြောင်း သုတေသီများက ပြောကြားသည်။

အင်တာနက်။

Sub 1A မျိုးဗီဇပါဝင်သည့် စပါးပင်ကို မိုးခေါင်ရေရှားသည့် ရာသီဥတုမျိုး ဖန်တီးပေးပြီးနောက် ပြန်လည်ရှင်သန်လာပုံကို တွေ့ရစဉ်။ *အင်တာနက်။*



ထူးခြားသည့် နေ့အပူချိန်များ (၅-၃-၂၀၁၁)

ချောက်မြို့	၄၂	ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၀	ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၀	ဒီဂရီစင်တီဂရိတ်
သိမ်ဇရပ်မြို့	၄၀	ဒီဂရီစင်တီဂရိတ်

သတင်းအညွှန်းများ

သစ်တောရေးရာဝန်ကြီး သစ်အချောထည်စက်ရုံများနှင့် သစ်ဆိပ် ကြည့်ရှုစစ်ဆေး

(သတင်း)စာမျက်နှာ ၅

ဟဂူဆန် ပွဲအချို့ ပိတ်ပင်ခံရဖွယ်ရှိ

ဘာကလေပရီမီယာလိဂ်၏ ဖေဖော်ဝါရီလ အကောင်းဆုံးဆု အာစင်ဝင်းဂါးရရှိ

(သတင်း)စာမျက်နှာ ၁၀